မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၆ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်၊ ၂၀၀၅ ခုနှစ်၊ မတ် ၁၁ ရက်၊ သောကြာနေ့၊ အတွဲ (၄၂)၊ အမှတ် (၁၆၂)

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအနေဖြင့် အစိုးရယန္တရားပုံမှန်လည်ပတ်နိုင်စေရန် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဘဏ္ဍာငွေကိုဆက်လက်သုံးစွဲဆောင်ရွက်ခွင့်ရှိသင့်

လုပ်ငန်းကော်မတီအဖွဲ့ဝင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၏ တင်ပြချက်

ရန်ကုန် မတ် ၁၀

၂၀၀၅ခုနှစ် မတ် ၇ ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအနက် အုပ်ချုပ်ရေးအပိုင်းပါ **"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ အုပ်ချုပ်မှုအခွင့်အာဏာ"**နှင့်စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌကိုယ်စား အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၏ ဖတ်ကြားတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးများတွင် အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းနှင့် စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ခဲ့ပြီးဖြစ်ကြောင်း၊ ဤသို့ချမှတ်ခဲ့ပြီးဖြစ်သည့် အသေးစိတ်အခြေခံမူများတွင် ပြည်ထောင်စုအစိုးရဖွဲ့စည်းမှု၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ ဖွဲ့စည်းမှုများကို ဖော်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့အပြင် အုပ်ချုပ်ရေးအာဏာ ခွဲဝေအပ်နှင်းမှုများနှင့်စပ်လျဉ်း၍ **"နိုင်ငံတော်၏ အုပ်ချုပ်ရေးအာဏာကို ပြည်ထောင်စု တိုင်းဒေသကြီးနှင့် ပြည်နယ်များအား ခွဲဝေအပ်နှင်းသည်"** ဟု အသေးစိတ် အခြေခံမူတစ်ရပ် ချမှတ်ထားပြီးဖြစ်ပါကြောင်း၊ အဆိုပါမူနှင့်အညီ ပြည်ထောင်စုအစိုးရ၏ အုပ်ချုပ်ရေးဆိုင်ရာတာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့်စပ်လျဉ်း၍ အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရန်အတွက် ညီလာခံကိုယ်စားလှယ်တော်ကြီးများက ဆွေးနွေးအကြံပြုကြရန် လုပ်ငန်းကော်မတီ၏ သုံးသပ်တွေ့ရှိချက်များကို မိမိရှင်းလင်းတင်ပြပြီးဖြစ်ပါကြောင်း။

စာမျက်နှာ ၅ ကော်လံ ၁ ✡

အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအနက် အုပ်ချုပ်ရေးအပိုင်းပါ "တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရ၏ အုပ်ချုပ်မှုအခွင့်အာဏာ"နှင့်စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌကိုယ်စား လုပ်ငန်းကော်မတီအဖွဲ့ဝင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် ဖတ်ကြားတင်ပြစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုအစိုးရက အခါအားလျော်စွာပေးအပ်လာသည့် လုပ်ငန်းတာဝန်များ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရက အကောင်အထည်ဖော်ထမ်းဆောင်စေသင့်

လုပ်ငန်းကော်မတီအဖွဲ့ဝင် တရားရုံးချုပ်တရားသူကြီး ဦးတင်အေး၏ တင်ပြချက်

အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအနက် အုပ်ချုပ်ရေး အပိုင်းပါ "တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရ၏ အုပ်ချုပ်မှုအခွင့်အာဏာ"နှင့် စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌကိုယ်စား လုပ်ငန်းကော်မတီအဖွဲ့ဝင် တရားရုံးချုပ် တရားသူကြီး ဦးတင်အေး ဖတ်ကြားတင်ပြစဉ်။

(သတင်းစဉ်)

ရန်ကုန် မတ် ၁၀

၂၀၀၅ ခုနှစ် မတ် ၇ ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအနက် အုပ်ချုပ်ရေးအပိုင်းပါ **"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ အုပ်ချုပ်မှုအခွင့်အာဏာ"**နှင့် စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌကိုယ်စား အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင် တရားရုံးချုပ် တရားသူကြီး ဦးတင်အေး၏ ဖတ်ကြားတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအနေဖြင့် ဥပဒေကြမ်းများကို သက်ဆိုင်ရာတိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်းနှင့်စပ်လျဉ်း၍ လုပ်ငန်းကော်မတီ၏ လေ့လာတွေ့ရှိချက်များကို ဆက်လက်တင်ပြမှာ ဖြစ်ကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ အုပ်ချုပ်မှုအာဏာသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဥပဒေပြုနိုင်သော ကိစ္စရပ်များသို့ သက်ရောက်ပျံ့နှံ့သည် ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်နိုင်ရေးအတွက် တင်ပြခဲ့ပြီးဖြစ်ကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းနိုင်သည့် ဥပဒေပြုစာရင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များက ပြဋ္ဌာန်းနိုင်သည့် ဥပဒေပြုစာရင်းဟူ၍ ခွဲခြားသတ်မှတ်ထားမှာဖြစ်ကြောင်း။

စာမျက်နှာ ၁၁ ကော်လံ ၁ ●

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

11-3 (01).p65 1 3/27/05, 10:29 AM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ မတ်လ ၁၁ ရက်)

နိုင်ငံတော်၏ စီးပွားရေး ခိုင်မာတောင့်တင်းစေရေး ဈေးကွက်စီးပွားရေး အလေးထားဖော်ဆောင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ် တည်ဆောက်ရာ၌ နိုင်ငံတော်နှင့် ပြည်သူများ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်ကျင့်သုံးလျက်ရှိသည်။ ဈေးကွက်စီးပွားရေးစနစ် ပီပြင်အောင် ဆောင်ရွက်ရာတွင် တိုင်းရင်းသားစီးပွားရေး လုပ်ငန်းရှင်ကြီးများအား နေရာပေးဆောင်ရွက်စေခဲ့သည်။

ယင်းကဲ့သို့ ဆောင်ရွက်စေခြင်းသည် နိုင်ငံတော်၏ စီးပွားရေးလုပ်ငန်းများတွင် တိုင်းရင်းသားလုပ်ငန်းရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုအားကို ရယူ၍ တိုးမြှင့်ဆောင်ရွက်ခြင်း ဖြစ်သည်။ နိုင်ငံတော်၏ စီးပွားရေးဘဝ၌ လယ်ယာလုပ်ငန်းရှင်များ၊ စက်မှုလုပ်ငန်းရှင်များ၊ ကုန်သွယ်မှုလုပ်ငန်းရှင်များ၊ ဝန်ဆောင်မှုလုပ်ငန်းရှင်များ စသည်ဖြင့် တိုင်းရင်းသားလုပ်ငန်းရှင်များ ပီပြင်စွာပေါ်ထွက်လျက် ရှိသည်။

ပြည်ထောင်စု မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်သည်။ ပြည်တွင်းရောင်းကုန်၊ ပြည်ပ ပို့ကုန်များတွင် စိုက်ပျိုးရေး ထွက်ကုန်ပစ္စည်းများကို အဓိကတည်မှီ လုပ်ကိုင်နေသည်။ နိုင်ငံ၏ ပေါများကြွယ်ဝသည့် မြေသယံဇာတနှင့် ရေသယံဇာတကို အခြေပြုသည့် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်လျက် ရှိသည်။

ရာသီသီးနှံ စိုက်ပျိုးကြသော လယ်ယာလုပ်ငန်းရှင်များ၊ ဆီအုန်း၊ ရော်ဘာ၊ ကော်ဖီစသည့်နှစ်ရှည်ပင် စိုက်ပျိုးကြသည့် လုပ်ငန်းရှင်များ၊ ငါး၊ ပုစွန်လုပ်ငန်းရှင်များစသည်ဖြင့် နိုင်ငံ၏ ရေမြေသယံဇာတကို အသုံးချသည့် စီးပွားရေးအင်အားစုများ နိုင်ငံအတွင်း တိုးတက်ကြီးထွား ဖြစ်ထွန်းလာသည်။

စိုက်ပျိုးရေးလုပ်ကွက်ကြီးများကို ဖော်ထုတ်လုပ်ကိုင်နေသည့် လက်ရှိလုပ်ငန်းရှင်များအပြင် နောက်ထပ် ရင်းနှီးလုပ်ကိုင်မည့် တိုင်းရင်းသား လုပ်ငန်းရှင်အသစ်များ စဉ်ဆက်မပြတ်ပေါ်ထွက်လျက် ရှိသည်။ နိုင်ငံတော်တွင် တိုင်းရင်းသားလုပ်ငန်းရှင်များ ထပ်မံပေါ်ထွန်းလာရန်လည်း လိုအပ်လျက် ရှိသည်။

လယ်ယာကဏ္ဍတွင် စိုက်ပျိုးနေသော မြေများအပြင် မြေလွတ်မြေလပ်နှင့် စိုက်ပျိုးနိုင်သော မြေရိုင်းဧရိယာ များစွာ ကျန်ရှိနေသေးသည်။ စိုက်ပျိုးရန်မြေ၊ စိုက်ပျိုးရန်ရေနှင့် စိုက်ပျိုးရန်ခေတ်မီနည်းစနစ်များကို နိုင်ငံတော်က အဘက်ဘက်က အားပေးဖြည့်ဆည်းပေးလျက် ရှိသည်။

စိုက်ပျိုးရေးကဏ္ဍ၌ ဆီအုန်းစိုက်ပျိုးမှုသည် စိုက်ပျိုးသူရော၊ နိုင်ငံအတွက်ပါ ရေရှည်အကျိုးအမြတ်ဖြစ်ထွန်းသည့် လုပ်ငန်းဖြစ်သည်။ လက်ရှိအခြေအနေအရ တနင်္သာရီတိုင်းတွင် ကုမ္ပဏီများ၊ ဒေသခံများ၊ တပ်ရင်းတပ်ဖွဲ့များ၏ စိုက်ပျိုးမှုအရ ဆီအုန်းဧက တစ်သိန်းကျော် ပေါ်ထွက်လာခဲ့ပြီ ဖြစ်သည်။ တနင်္သာရီတိုင်းသည် မကြာမီကာလတွင် နိုင်ငံတော်၏ ဆီအိုးကြီးအဖြစ် ရပ်တည်နိုင်တော့မည်ဖြစ်သည်။

ရော်ဘာစိုက်ပျိုးမှုကဏ္ဍတွင် မွန်ပြည်နယ်၌ တစ်နိုင်ငံလုံး၏ ၄၆ရာခိုင်နှုန်း စိုက်ပျိုးနိုင်ခဲ့သည်။ မွန်ပြည်နယ်ကို ရော်ဘာပြည်နယ်ဖြစ်စေရန် ငါးနှစ်စီမံကိန်း ရေးဆွဲအကောင်အထည်ဖော် လျက်ရှိသည်။ ဧရာဝတီတိုင်းသည်လည်း မိုးစပါးအများဆုံး စိုက်ပျိုးသော တိုင်းကြီးဖြစ်သည့် နိုင်ငံတော်၏ စပါးကျီကြီးပင် ဖြစ်သည်။

ယင်းကဲ့သို့ ပေါများကြွယ်ဝလှသည့် မြေသယံဇာတများ၊ လုပ်ကိုင်နိုင်သည့် အခွင့်အလမ်းများကို ထိထိရောက်ရောက် အသုံးချ လုပ်ကိုင်နိုင်ရေးအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များအား နိုင်ငံတော်က ဈေးကွက်စီးပွားရေးစနစ်ကို ပုံဖော်ပေးခဲ့ခြင်းဖြစ်ပေသည်။

နိုင်ငံတော်သည် ပြည်သူများလိုလားသည့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းရင်း နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြည်ပသွင်းကုန်၊ ပို့ကုန်လုပ်ငန်းများကို ဖန်တီးပေးခြင်း၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန် လမ်းဖွင့်ပေးခြင်းတို့ကြောင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ၏ အခန်းကဏ္ဍသည် ပိုမိုကျယ်ပြန့်ထွန်းကားလာသည်ကို တွေ့ရသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏စီးပွားရေးခိုင်မာတောင့်တင်းစေရန်အတွက် ဈေးကွက်စီးပွားရေးစနစ်ကို ဖန်တီးဖော်ဆောင်ရာ၌ တိုင်းရင်းသားလုပ်ငန်းရှင်များအားလုံးက နိုင်ငံတော်၏ ဖန်တီးဖော်ဆောင်ပေးမှုများကို ရယူကာ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအကျိုးအတွက် အလေးထား ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် ကျိုင်းတုံမြို့နန့်စုချောင်းရေအားလျှပ်စစ်စီမံကိန်းစစ်ဆေး ရွှေရင်အေးနှင့်ဆင်းရွှေဝါနွေစပါး အောင်မြင်ဖြစ်ထွန်းမှု လှည့်လည်ကြည့်ရှု

ရန်ကုန် မတ် ၁၀

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မတ် ၅ရက် နံနက် ၈နာရီက ကျိုင်းတုံမြို့နယ် ကတ်တောင်ကျေးရွာအုပ်စု နောင်ကန်ကျေးရွာအနီး နန့်စုချောင်း ကိုယ့်အားကိုယ်ကိုး အသေးစားရေအားလျှပ်စစ်စီမံကိန်း ရေလွှဲဆည်တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိပြီး ရေလွှဲဆည်၊ နှန်းစစ်ကန်နှင့် ရေသွယ်မြောင်း ဖောက်လုပ်မှုအခြေအနေများကိုလည်းကောင်း၊ ရေထိန်းကန်နှင့် စက်ရုံတည်ဆောက်မည့် နေရာသို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တိုင်းမှူးအား ဒေသခံတိုင်းရင်းသားလုပ်ငန်းရှင် ဦးကြည်သိန်းက အသေးစား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေး

အဆိုပါနန့်စုချောင်း အသေးစားရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းကို ကျိုင်းတုံမြို့မှ ဒေသခံတိုင်းရင်းသားလုပ်ငန်းရှင် ဦးကြည်သိန်းက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး စီမံကိန်းပြီးစီးပါက လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၁၆၀ ထွက်ရှိမည်ဖြစ်ကြောင်းနှင့် ကတ်တောင်ကျေးရွာအုပ်စုတွင်းရှိ ကျေးရွာပေါင်း ၁၄ရွာ၊ နေအိမ် ၉၃၇အိမ်သို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဝမ်ဖိုင်ကျေးရွာ၊ ဝပ်ဆောင်းကျေးရွာနှင့် ယန်းလောကျေးရွာများရှိ နွေစပါးစိုက်ခင်းများသို့ ရောက်ရှိပြီး ရွှေရင်အေးနှင့် ဆင်းရွှေဝါနွေစပါးစိုက်ပျိုး အောင်မြင်ဖြစ်ထွန်းမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

သဃ်န်းကျွန်းမြို့နယ် အမှတ် (၁၇)အခြေခံပညာမူလတန်းကျောင်း၏၂၀၀၃-၂၀၀၄ခုနှစ် ပညာရည်ချွန် ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၈ရက်က ကျောင်း ခန်းမတွင် ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ထူးချွန်ဆုရ မသက်ထားဆွေအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ရှိန်က ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (က-ပ)

ဆုချီးမြှင့်

မတ် ၅ရက်က ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမက(၁)တွင် ၂၀၀၄-၂၀၀၅ခု ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကျင်းပရာသူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရမခိုင်စန္ဒီတင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နွယ်ကြူ ဆုချီးမြှင့်စဉ်။ (၁၉၂)

ဓမ္မသဘင်ကျင်းပမည်

ရန်ကုန် မတ် ၁၀

ဒေါပုံမြို့နယ် ဗမာအေးရပ်ကွက် ဓမ္မသီတဂူ အေးရွာကျောင်းတိုက်ဖြူးဆရာတော်၏ တပည့် မြိုင်ဆရာတော် အရှင်ပညာဇောတ(ဓမ္မာစရိယ၊ နယ်လှည့်ဓမ္မကထိက)သည် မတ် ၁၄၊၁၅၊၁၆၊၁၇နှင့် ၁၈ရက်များတွင် ဧရာဝတီတိုင်း ကြံခင်းမြို့ ရေလယ်ကျွန်းရွာ ဓမ္မသဘင်၌ ညစဉ် ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မြဝတီရုပ်မြင်သံကြား

၁၁-၃-၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၀ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၄၀ ၆။ မျိုးချစ်တပ်မတော်
၄း၅၀ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် The Essential of a Valit Contract. (ဒုတိယနှစ်-ဥပဒေ) English Specialization. (တတိယနှစ်-အင်္ဂလိပ်စာ)
၅း၂၅ ၉။ Goal Show အစီအစဉ်
၅း၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၅။ **"ထူးခြားသောကလေးငယ်"** ကာတွန်းဇာတ်လမ်း(အပိုင်း-၃၀)
၆း၅၀ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ငယ်ချစ်ဦး"**(အပိုင်း-၁၉)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ မြန်မာ့ရှုခင်း
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြိုင်ဟောဝန်က သိုင်းလုလင်"** (အပိုင်း-၆)

နှစ်(၆၀)ပြည့် တပ်မတော်နေ့စစ်ရေးပြ စစ်ကြောင်းကြီးများ တပ်ပါစစ်ရေးပြလေ့ကျင့်

ရန်ကုန် မတ် ၁၀

၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများသည် ယနေ့နံနက် ၆ နာရီမှ ၈ နာရီ ၄၅ မိနစ်အထိ ရန်ကုန်မြို့ရှိ တော်လှန်ရေးပန်းခြံ၌ တပ်ပါစစ်ရေးပြ လေ့ကျင့်မှုများကို ဆက်လက်လေ့ကျင့်ကြသည်။

ယင်းသို့ တပ်ပါစစ်ရေးပြလေ့ကျင့်မှုများကို ဆောင်ရွက်ရာတွင် စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်ညီထွန်း ဦးဆောင်၍ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး အောင်ကျော်ဦး ဦးဆောင်သည့် အနော်ရထာစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသာအောင် ဦးဆောင်သည့် ကျန်စစ်သားစစ်ကြောင်း၊စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ကျော်ဦး ဦးဆောင်သည့် ဘုရင့်နောင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ဇော်ဝင်း ဦးဆောင်သည့် နဝဒေးစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးမျိုးဝင်း ဦးဆောင်သည့်အောင်ဇေယျစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးခင်အောင်မြင့် ဦးဆောင်သည့် ဆင်ဖြူရှင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးခင်မောင်ဦး ဦးဆောင်သည့် ဗန္ဓုလစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးဝင်းဆွေ ဦးဆောင်သည့် မြဝတီစစ်ကြောင်းနှင့် စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသိန်းဇော် ဦးဆောင်သည့် အောင်ဆန်းစစ်ကြောင်းတို့မှ တပ်မတော်သားများက တပ်ပါစစ်ရေးပြ လေ့ကျင့်မှုများကို ပြုလုပ်ကြသည်။

စစ်ရေးပြလေ့ကျင့်မှုများကို ဒုတိယ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်နှင့် တပ်မတော် အရာရှိကြီးများ လာရောက် ကြည့်ရှုစစ်ဆေးကြကြောင်း သတင်းရရှိသည်။ **(အောက်ပုံ) (သတင်းစဉ်)**

နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် ပြည်သူတို့နှင့်အတူတကွ လက်တွဲ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

၂။ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို အင်တိုက် အားတိုက် ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်၏ ဦးတည်ချက် (၁၂)ရပ်ကို ပြည်သူလူထုနှင့်အတူ လက်တွဲ ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၄။ အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်သော ခေတ်မီ တပ်မတော်တည်ဆောက်ရေး။

နှစ်(၆၀)ပြည့်တပ်မတော်နေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာ၊ ဆောင်းပါးပြိုင်ပွဲ ဆုရသူများစာရင်းကြေညာ

ရန်ကုန် မတ် ၁၀

၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျွမ်းကျင်ပညာရှင်အဆင့်နှင့် အခြေခံကျောင်းများ စာပေ၊ အနုပညာပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီက တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့်၊ အခြေခံပညာအထက်တန်းအဆင့်နှင့် အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများကိုလည်းကောင်း၊ ကျွမ်းကျင်ပညာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲကိုလည်းကောင်း ကျင်းပခဲ့သည်။ ပြိုင်ပွဲဝင် စာစီစာကုံး၊ ကဗျာနှင့်ဆောင်းပါးများကို စာမူစိစစ်ရေးအဖွဲ့များက အဆင့်ဆင့် စိစစ်ရွေးချယ်ပြီး ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆု အသီးသီးရရှိကြသူများစာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်ကြေညာသည်။

စာစီစာကုံးပြိုင်ပွဲ

တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့် စာစီစာကုံးပြိုင်ပွဲတွင် မမျိုးသဇင် ဒုတိယနှစ်(သိပ္ပံ)မော်လမြိုင်ပညာရေးကောလိပ်က ပထမ၊ မသီတာမြင့် ဒုတိယနှစ် (သိပ္ပံ) ပြည်ပညာရေးကောလိပ်ကဒုတိယ၊ ဗိုလ်လောင်းခိုင်ခန့်ကျော် တတိယနှစ်(ကွန်ပျူတာ)စစ်တက္ကသိုလ် ပြင်ဦးလွင်က တတိယ အသီးသီးရရှိကြသည်။အထူးဆုများအဖြစ် မဆုမွန်ကိုကို တတိယနှစ် (စီးပွားရေးသိပ္ပံ) ရန်ကုန်သမဝါယမဒီဂရီကောလိပ် သန်လျင်၊ မောင်မျိုးမြင့်ဦး တတိယနှစ် အစိုးရကွန်ပျူတာကောလိပ် မြိတ်၊ မဆုမြတ်သူ ဒုတိယနှစ်(သိပ္ပံ)ဘိုကလေးပညာရေးကောလိပ်၊ မောင်ချစ်နိုင်ဝင်း တတိယနှစ် စိုက်ပျိုးရေးသိပ္ပံ သထုံ၊ မစံပယ်လှိုင် ဒုတိယနှစ်(ဘီအီးဒီ)ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် စစ်ကိုင်းတို့က အသီးသီးရရှိကြသည်။

ကဗျာပြိုင်ပွဲ

တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့် ကဗျာပြိုင်ပွဲတွင် ဗိုလ်လောင်းဉာဏ်ပိုင်စိုး တတိယနှစ် (ကွန်ပျူတာ) စစ်တက္ကသိုလ် ပြင်ဦးလွင်က ပထမ၊မောင်သီဟထွန်း နောက်ဆုံးအမ်ဘီဘီအက်စ်(အပိုင်း-က)ဆေးတက္ကသိုလ်-၂ ရန်ကုန်က ဒုတိယ၊ ဗိုလ်လောင်းချမ်းငြိမ်းသူ နောက်ဆုံးနှစ် အပိုင်း(က) တပ်မတော်ဆေးတက္ကသိုလ် ရန်ကုန်က တတိယ အသီးသီးရရှိကြသည်။ အထူးဆုများအဖြစ် မောင်ဦးရွှေထွန်း စတုတ္ထနှစ် (ဘီအီးဒီ) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် စစ်ကိုင်း၊ မသက်စုမြတ် နောက်ဆုံးနှစ် ဘီဗွီအက်စ်စီ (အကြီးတန်း) မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ရေဆင်း ပျဉ်းမနား၊ မမေရီကိုကို ပထမနှစ်(သိပ္ပံ)တောင်ငူပညာရေးကောလိပ်၊ မနှင်းနန္ဒာလင်း ဒုတိယနှစ်(သိပ္ပံ)မော်လမြိုင်ပညာရေးကောလိပ်၊ မောင်ကျော်သူမြတ်ထွန်း ဒုတိယနှစ် (သိပ္ပံ) ပုသိမ်ပညာရေးကောလိပ်တို့က အသီးသီးရရှိကြသည်။

အထက်တန်းအဆင့်

အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် မောင်ရှိုင်းမော်ထူး နဝမတန်း အထက(၂) လမ်းမတော်က ပထမ၊ မအေးချမ်းမြ ဒသမတန်း အထက(၁) ညောင်လေးပင်က ဒုတိယ၊ မခင်ခင်လေး နဝမတန်း အထက(၆) မော်လမြိုင်က တတိယ အသီးသီးရရှိကြသည်။ အထူးဆုများအဖြစ် မတင်ဇာဖြူဖွေး နဝမတန်း အထက(၄)စစ်တွေ၊ မမေပြုံးလဲ့ယဉ် နဝမတန်း အထက(၆)မြောင်းမြ၊ မသက်စုမော် နဝမတန်း အလက(၃)မြိတ်၊ မစုစန္ဒီသွေး အဋ္ဌမတန်း အလက(၃) လည်ပေါ် ရေနံချောင်း၊ မယဉ်သူဇာလွင် အဋ္ဌမတန်း အထက(၁) ပျဉ်းမနားတို့က အသီးသီးရရှိကြသည်။

အခြေခံပညာအထက်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် မစိမ့်စိမ့်သူ နဝမတန်း အထက ပြွန်တန်ဆာကပထမ၊ မအိဇာဖြူ နဝမတန်း အထက(၃) မြိတ်က ဒုတိယ၊ မဇူးသက်မှူး အဋ္ဌမတန်း အလက(၆) ပုသိမ်က တတိယ အသီးသီးရရှိကြသည်။ အထူးဆုများအဖြစ် မသက်မြတ်ထွေး နဝမတန်း အထက(၃) စစ်ကိုင်း၊ မခင်သဇင်ရတနာထွန်း အဋ္ဌမတန်း အထက(၃) တောင်ဥက္ကလာပ၊ မောင်ကောင်းစစ်မှူး အဋ္ဌမတန်း အလက(၂) ပြည်၊ စောမျိုးသန့်ဋ္ဌေး ဒသမတန်း အထက လှိုင်းဘွဲ့၊ မခင်ခင်ဦး နဝမတန်း အထက(၄) စစ်တွေတို့က အသီးသီးရရှိကြသည်။

အလယ်တန်းအဆင့်

အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် မောင်ကျော်ခိုင်ထက် ဆဋ္ဌမတန်း အလက(၁)ပုသိမ်က ပထမ၊ မဖြိုးနန္ဒာထွန်း သတ္တမတန်း အထက(၂) လမ်းမတော်က ဒုတိယ၊ မဇွန်ဦးလှိုင် သတ္တမတန်း အလက ညောင်လေးပင်က တတိယ အသီးသီး ရရှိကြသည်။ အထူးဆုများအဖြစ် မောင်မင်းစိုးရ ဆဋ္ဌမတန်း အထက(၂) ဘားအံ၊ မမြတ်မြတ်သူ ဆဋ္ဌမတန်း အထက(၁)မြိတ်၊ မနှိုင်းယာ သတ္တမတန်း အထက(၁)ရွှေဘို၊ မအေးအိအိအောင် သတ္တမတန်း အထက(၂) သထုံ၊ မအိန္ဒြေခင် သတ္တမတန်း အလက(၃)ပြည်တို့က အသီးသီးရရှိကြသည်။

အခြေခံပညာအလယ်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် မဖြိုးသဉ္ဇာခင် သတ္တမတန်း အလက(၁) ပုသိမ်က ပထမ၊ မောင်သန့်အောင်ဖြိုး သတ္တမတန်း အထက(၂)မြိတ်က ဒုတိယ၊ မမေမြတ်မှူးအောင် ပဉ္စမတန်း အထက(၁)ပဲခူးတို့က တတိယ အသီးသီးရရှိကြသည်။ အထူးဆုများအဖြစ် မောင်ကြည်မြင့်ထွန်း သတ္တမတန်း အလက(၃)လည်ပေါ် ရေနံချောင်း၊ မအိသန္တာအောင် သတ္တမတန်း အထက(၄)စစ်တွေ၊ မဆုဆင့်ဆင့်စံ ဆဋ္ဌမတန်း အထက(၂)မြင်းခြံ၊ မနေခြည်ထက်ထက်ခိုင် ဆဋ္ဌမတန်း အထက(၃)မုံရွာ၊ မိခြူးထက်ထက်သူ ဆဋ္ဌမတန်း အထက လှိုင်းဘွဲ့တို့က အသီးသီးရရှိကြသည်။

ကျွမ်းကျင်ပညာရှင်အဆင့်

ကျွမ်းကျင်ပညာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲတွင် ဒေါ်ခင်အုန်းမြင့် အလယ်တန်းပြ အထက သက္ကလကဝမြို့နယ် ပဲခူးတိုင်းက ပထမ၊ ဦးဘစော အထက်တန်းပြ အထက(၁)မြောက်ဥက္ကလာပက ဒုတိယ၊ဒေါ်နန်းတင့်ရီ အလယ်တန်းပြ အထက(၇) မော်လမြိုင်က တတိယ အသီးသီးရရှိကြသည်။အထူးဆုများအဖြစ် ဒေါ်ခင်အုန်းမြင့် အထက်တန်းပြ အထက(၂)တောင်ကြီး၊ ဒုတိယဗိုလ်မှူးကြီးအောင်သန်း ကထိက မြန်မာစာဌာန စစ်တက္ကသိုလ် ပြင်ဦးလွင်၊ ဒေါ်မွေးနံ့သာ သရုပ်ပြ ဓာတုဗေဒဌာန ပြည်တက္ကသိုလ်၊ ဒေါ်သက်သက်သင်း အထက်တန်းပြ အထက(၂) ဗဟန်း၊ ဒေါ်မြင့်မြင့်သန်း အလယ်တန်းပြ အလက(၂) တောင်ကြီးတို့က အသီးသီးရရှိကြသည်။

ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား ၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ မတ် ၂၇ ရက်တွင် ဆုများချီးမြှင့်မည်ဖြစ်ရာ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျွမ်းကျင်ပညာရှင်အဆင့် ဆုရရှိကြသူများသည် အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) သထုံလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့သို့လည်းကောင်း၊ အခြေခံပညာအထက်တန်းအဆင့်နှင့် အခြေခံပညာအလယ်တန်းအဆင့်ဆုရရှိသူများသည် ကျောင်းအုပ်ကြီး အထက(၁) ကမာရွတ် ရန်ကုန်မြို့သို့လည်းကောင်း မတ် ၂၄ ရက်တွင် လူကိုယ်တိုင် လာရောက်သတင်းပို့ကြရမည်ဖြစ်သည်။

အထူးဆုရရှိသူများကို မိမိတို့နေထိုင်ရာဒေသနှင့် နီးစပ်ရာ တိုင်း၊ တပ်မစစ်ဌာနချုပ်များတွင် ကျင်းပမည့် နှစ်(၆၀)ပြည့် တပ်မတော်နေ့အခမ်းအနားများ၌ ဆုများချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နယ်ပယ်သစ်များတွင် စင်ကာပူအမျိုးသမီးများ စွန့်စားလုပ်ကိုင်ရန် နိုင်ငံတကာဆိုင်ရာ အမျိုးသမီးများနေ့အထိမ်းအမှတ် အခမ်းအနားဌ်တိုက်တွန်း

စင်ကာပူ မတ် ၉

နည်းပညာ၊ ဇီဝဆေးပညာသုတေသနနှင့် စစ်မှုထမ်းခြင်းကဲ့သို့ အစဉ်အလာမဟုတ်သော နယ်ပယ်သစ်များတွင် စွန့်စားလုပ်ကိုင်သွားကြရန် စင်ကာပူအမျိုးသမီးများအား စင်ကာပူအမျိုးသမီးပါလီမန်အမတ်များက တိုက်တွန်းလိုက်သည်။

အင်္ဂါနေ့တွင် ကျရောက်သည့် နိုင်ငံတကာဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် တနင်္ဂနွေနေ့က ကျင်းပသည့် အခမ်းအနားများ၌ စင်ကာပူ အမျိုးသမီးများအား ထိုသို့တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

စင်ကာပူအမျိုးသမီး ပါလီမန်အမတ်များသည် ယခုအချိန်ထိ စင်ကာပူအမျိုးသမီးများ ရရှိခဲ့သောအောင်မြင်မှုများကို ချီးကျူးပြောဆိုကာ အမျိုးသမီးများအနေဖြင့် ထပ်မံဆောင်ရွက်လုပ်ကိုင်စရာများ ရှိနေသေးကြောင်း ပြောကြားခဲ့ကြသည်။

အားပေးရန်

မိမိတို့ အမှန်တကယ်ရည်မှန်းသည်မှာ အချက်အချာဒေသများတွင် ပိုမိုသတိပြုမိကြစေရန်နှင့် အမျိုးသမီးများ အထူးသဖြင့် ငယ်ရွယ်သူအမျိုးသမီးများရှေ့တန်း၌ ပိုမိုပါဝင်လာကြစေရန်အတွက် အားပေးရန်ဖြစ်ကြောင်း အမျိုးသမီးများ စုပေါင်းကွန်ရက်အဖွဲ့ အကြံပေးပုဂ္ဂိုလ်၊ အနောက်မြောက် စီဒီစီမြို့တော်ဝန် ဒေါက်တာအေမီခေါက ပြောကြားသည်။

ရည်ရွယ်

ဘက်ပေါင်းစုံအနေဖြင့် အမျိုးသမီးများ၏ အောင်မြင်မှုဆိုင်ရာ အစီရင်ခံစာသည် တိုးတက်မှု ရှိသော်လည်း တိုးတက်မှုအတွက် နေရာများရှိသေးကြောင်းပြောကြားသည်။ အမျိုးသမီးများ စုပေါင်းကွန်ရက်အဖွဲ့သည် လက်ရှိအဖွဲ့ဝင်ဦးရေ ၄၈၀၀၀ကို ကျော်လွန်ပြီး အဖွဲ့ဝင်အင်အား တိုးချဲ့ရန် ရည်ရွယ်ထားသည်ဟု ဆိုသည်။ **(အင်တာနက်)**

ပင်လယ်ရပ်ခြား စီးပွားရေးတိုးချဲ့ရန် ပြည်တွင်း ကားကုမ္ပဏီတစ်ခုအား တရုတ်သွင်းကုန်ထုတ်ကုန်ဘဏ်က ငွေချေးမည်

ပေကျင်း မတ် ၉

တရုတ်သွင်းကုန်ထုတ်ကုန်ဘဏ်သည် ပြည်တွင်း ကားထုတ်လုပ်သည့် ချယ်ရီကားထုတ်လုပ်ရေးကုမ္ပဏီလီမိတက်၏ ပင်လယ်ရပ်ခြားစီးပွားရေးတိုးချဲ့နိုင်ရန်အတွက် ယွမ်ငါးဘီလီယံ(အမေရိကန်ဒေါ်လာ ၆၁သန်း) ထုတ်ချေးမည်ဖြစ်ကြောင်း အဆိုပါဘဏ်က သောကြာနေ့တွင် ကြေညာသည်။

အထောက်အကူပြု

ယင်းချေးငွေသည် ချယ်ရီကားထုတ်လုပ်ရေးကုမ္ပဏီ၏ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုအပြင် ယင်း၏ကားများနှင့် အခြားစက်မှုဆိုင်ရာများ၊ လျှပ်စစ်နှင့် အဆင့်မြင့်နည်းပညာများ ထုတ်ကုန်များအတွက် နိုင်ငံရပ်ခြားကန်ထရိုက်ကိစ္စများတွင် ချယ်ရီကုမ္ပဏီကို အထောက်အကူပြုမည်ဖြစ်ကြောင်း အဆိုပါဘဏ်က ကြေညာသည်။

ကျင့်သုံး

ချယ်ရီကားထုတ်လုပ်ရေးကုမ္ပဏီသည် ၂၀၀၁ခုနှစ်ကစပြီး ကားစီးရေ ၃၀၀၀၀၀နီးပါးရောင်းချထားပြီး ဖြစ်သည်။ ကုမ္ပဏီသည် ၂၀၀၁ခုနှစ်တွင် နိုင်ငံခြားစီးပွားရေးလုပ်ငန်းကိုစတင်ခဲ့ပြီး အဓိကအားဖြင့် အပြီးအစီးရောင်းချမှု (စီကေဒီ)ပုံစံဖြင့် ရောင်းချသည့်စနစ်ကျင့်သုံးခဲ့သည်။ ချယ်ရီကုမ္ပဏီသည် နိုင်ငံ ၂၅ နိုင်ငံနှင့် အရောင်းစာချုပ်များ ချုပ်ဆိုထားသည်။

အမ်အင်အေ၊ဆင်ဟွာ

အမေရိကန် ကောလိပ်ကျောင်းသားများ အရက်သောက်သုံးမှု များပြားနေ

ချီကာဂို မတ် ၁၀

အရွယ်ရောက်သူများတွင် အမေရိကန် ကောလိပ်ကျောင်းသားများသည် အရက်သေစာ သောက်သုံးမှုကို ပိုမိုကြိုက်နှစ်သက်ကြကြောင်း၊ သို့ရာတွင် ကျောင်းသားမဟုတ်သည့် လူငယ်များကလည်း အရက်သောက်သုံးမှုကို ခုံမင်ကြကြောင်း တနင်္လာနေ့ကပြုလုပ်သော လေ့လာဆန်းစစ်မှုတစ်ရပ်တွင် ဖော်ပြထားသည်။

အချို့အမေရိကန်ကောလိပ်ကျောင်းသားများသည် သက်တူရွယ်တူချင်းအုပ်စုဖွဲ့၍ စားသောက်ပွဲများပြုလုပ်ပြီး အရက်ကို ပိုမိုသောက်သုံးလျက်ရှိကာ ကောလိပ်ကျောင်းများသို့လည်း တက်ရောက်ခြင်းမရှိကြောင်း သိရသည်။

ပါဝင်

အရက်သေစာသောက်သုံးမှုနှင့် ပတ်သက်၍ပြီးခဲ့သည့် ၂၀၀၁ခုနှစ်က ပြုလုပ်ခဲ့သော ကွင်းဆင်းလေ့လာချက်တစ်ရပ်တွင် အသက်(၁၉)နှစ် နှင့် (၂၁)နှစ်အကြားရှိ လူငယ် ၆၃၀၀ကို လေ့လာကြည့်ရာ၌ ကောလိပ်ကျောင်းသား ၁၈ရာခိုင်နှုန်းခန့် ပါဝင်လျက်ရှိကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။

ပိုမိုလွန်ကဲ

အမေရိကန်ကောလိပ်ကျောင်းသားများသည် ကျောင်းသားမဟုတ်သည့် သက်တူရွယ်တူ လူငယ်များထက် အပတ်စဉ်၊ လစဉ်နှင့် နှစ်စဉ်အရက်သောက်သုံးမှုတွင် ပိုမိုလွန်ကဲကြောင်း အဆိုပါလေ့လာဆန်းစစ်ချက်၌ ဖော်ပြထားသည်။ **အမ်အင်အေ၊ရိုက်တာ**

ဘာလက်မြို့၌ ကားဗုံးဖောက်ခွဲမှုဖြစ်ပွား အီရတ်ငါးဦးသေဆုံး၊ ၂၀ ဒဏ်ရာရရှိ

တီကရစ် မတ် ၉

ဘဂ္ဂဒက်မြို့မြောက်ဘက်ရှိ ဘာလက်မြို့တွင် အီရတ်အမျိုးသား လုံခြုံရေးအစောင့်တပ်ဖွဲ့ အရာရှိတစ်ဦး၏ နေအိမ်အပြင်ဘက်၌ တနင်္လာနေ့ နံနက်ပိုင်းက အသေခံကားဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားရာ အီရတ်ငါးဦးသေဆုံးပြီး အခြားလူ ၂၀ဒဏ်ရာရရှိခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများနှင့် ဆေးရုံသတင်းများက ပြောကြားသည်။

မူလတန်းကျောင်း တစ်ကျောင်း အနီးတွင်ရှိသော အဆိုပါအီရတ်အမျိုးသား အစောင့်တပ်ဖွဲ့အရာရှိ၏ နေအိမ်အား အသေခံကားဗုံးခွဲသူက ကားကို မောင်းနှင်လာခဲ့ရာ မူလတန်းကျောင်းအနီးအရောက် နံနက် ၈နာရီခန့်တွင် ကားဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း ဘာလက်ရဲစခန်းမှ မျက်မြင်တွေ့ရှိသူများက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ရောက်ရှိလာ

ထိုစဉ်အတွင်း ဘာလက်ဆေးရုံ သတင်းများအရ သေဆုံးသူငါးဦးနှင့် ဒဏ်ရာရရှိသူ ၂၀ ဆေးရုံသို့ရောက်ရှိ လာသည်ဟုဆိုသည်။

ဒဏ်ရာရ

အဆိုပါ အီရတ်အမျိုးသား အစောင့်တပ်ဖွဲ့အရာရှိမှာ မိုဟာမက် အဗ္ဗဒူမူတာလီဖြစ်ပြီး ဒဏ်ရာများ ရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဆောင်ရွက်

ယင်းကဲ့သို့ ကားဗုံးပေါက်ကွဲသည့်နေရာသို့ အမေရိကန်နှင့် အီရတ်တပ်ဖွဲ့ဝင်များ အလျင်အမြန်ရောက်ရှိလာကာ လုံခြုံရေး ဆောင်ရွက်လျက်ရှိပြီး အခင်းဖြစ်ပွားမှုနှင့် ပတ်သက်၍ စစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

အိုပက်က ရေနံလျှော့ချဖွယ်မရှိ

တီဟီရန် မတ် ၈

ယခုလကုန်ပိုင်းတွင် ကျင်းပမည့် ရေနံရောင်းနိုင်ငံများအဖွဲ့(အိုပက်)၏ အစည်းအဝေး၌ အိုပက်သည် ရေနံထုတ်လုပ်မှုကို လျှော့ချဖြတ်တောက်ဖွယ်မရှိကြောင်း အီရန်နိုင်ငံ၏ အိုပက်ဆိုင်ရာ အရာရှိတစ်ဦးက ပြောကြားကြောင်း အိုင်အာအင်အေသတင်းဌာနက တနင်္လာနေ့တွင် ဖော်ပြသည်။

ရေနံဈေးနှုန်းအနေဖြင့် ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၅၀ခန့် ဆက်လက်တည်ရှိနေခဲ့လျှင် ရေနံထုတ်လုပ်မှုအနေအထားကို လျှော့ချပေးရမည့် အခြေအနေရှိကြောင်း အီရန်နိုင်ငံ၏ အိုပက်ဆိုင်ရာ အရာရှိတစ်ဦးဖြစ်သူ ဟိုစ်စိန်ကာဇမ်မောအာဒီဘီလီက ပြောကြားသည်။

ကျင်းပမည်

အိုပက်ဆွေးနွေးပွဲကို အီရန်နိုင်ငံ အစ်ဖာဟန်မြို့၌ လာမည့်မတ်လ ၁၆ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ အီရန်နိုင်ငံသည် တစ်နေ့လျှင် ရေနံစည်ပေါင်း ၄ ဒသမ၁သန်း နေ့စဉ်ထုတ်လုပ်လျက်ရှိပြီး ကမ္ဘာတွင် ရေနံထုတ်လုပ်မှု၌ ဒုတိယအများဆုံး ထုတ်လုပ်သည့်နိုင်ငံဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ပြသ

ဂျာမနီနိုင်ငံ အရှေ့ပိုင်း လိုက်ဖ်ဇစ်မြို့တွင် နိုင်ငံတကာ ပတ်ဝန်းကျင်ရေးရာ နည်းပညာများနှင့် ဝန်ဆောင်မှုများ ပြပွဲကျင်းပမည့် ခန်းမကြီးအဝင်၌ အလွန်ကြီးမားသောအမှိုက်ပုံးကြီး တစ်ခုပြသထားသည်ကို မတ် ၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရှာဖွေစစ်ဆေး

ဘဂ္ဂဒက်မြို့ တောင်ဘက် ဒူရာခရိုင်အတွင်း စိုက်ပျိုးမြေယာတစ်နေရာ၌ ရှာဖွေစစ်ဆေးမှုများ ပြုလုပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို မတ် ၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် မိမိနယ်မြေဒေသကို မည်ကဲ့သို့ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်မည် မည်သည့်လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်မည်ဆိုသည့် လုပ်ငန်းအစီအစဉ်များကိုချမှတ်ရမည်

✡ **ရှေ့ဖုံးမှ**

ယခုဆက်လက်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအား အုပ်ချုပ်မှု အခွင့်အာဏာ ခွဲဝေအပ်နှင်းမှုနှင့် စပ်လျဉ်း၍ လုပ်ငန်းကော်မတီ၏ လေ့လာတွေ့ရှိချက်များကို ဆက်လက်တင်ပြသွားမှာ ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ ဖွဲ့စည်းမှုနှင့် စပ်လျဉ်း၍ "တိုင်းဒေသကြီးတိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ပြည်နယ်တိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ အသီးသီးဖွဲ့စည်းထားရှိသည်"ဟုလည်းကောင်း "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကို

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများ၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်တို့ဖြင့် ဖွဲ့စည်းရမည်"

ဟု လည်းကောင်း အသေးစိတ်အခြေခံရမည့်မူချမှတ်ထားပြီး ဖြစ်ပါကြောင်း။

ပြည်ထောင်စုအစိုးရအား တာဝန်နှင့် လုပ်ပိုင်ခွင့်များအပ်နှင်းထားသည့် နည်းတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအား တာဝန်နှင့်လုပ်ပိုင်ခွင့်များ ခွဲဝေအပ်နှင်းရမှာဖြစ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရသည် ပြည်ထောင်စုတစ်ဝန်းလုံးအတွက် မိမိအားအပ်နှင်းထားသည့်အုပ်ချုပ်ရေးဆိုင်ရာ တာဝန်နှင့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်နိုင်ခွင့်ရှိသကဲ့သို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည်လည်း မိမိတို့နယ်မြေဒေသအတွင်း ကျင့်သုံးဆောင်ရွက်ခွင့်ရှိမည့်အုပ်ချုပ်ရေးဆိုင်ရာ တာဝန်နှင့်လုပ်ပိုင်ခွင့်များအပ်နှင်းဆောင်ရွက်စေရမှာ ဖြစ်ပါကြောင်း။

ချမှတ်ထားပြီးသည့် အသေးစိတ်အခြေခံရမည့်မူများတွင် ဥပဒေပြုခွင့်အာဏာနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဥပဒေပြုစာရင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေပြုစာရင်းဟူ၍ ခွဲခြားသတ်မှတ်ထားမှာ ဖြစ်ပါကြောင်း။

ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ပြည်ထောင်စုအစိုးရက တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်ရမည့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များ ပါဝင်သကဲ့သို့ တိုင်းဒေသကြီးနှင့်ပြည်နယ်ဥပဒေပြုစာရင်းတွင်လည်း တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရက တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်ရမည့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များ ပါဝင်မှာဖြစ်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအနေနှင့် မိမိ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် အကျိုးသက်ရောက်မှုရှိစေရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနများဟူ၍ လိုအပ်သလို ခွဲခြားသတ်မှတ်ပြီး လုပ်ငန်းတာဝန်များကို ခွဲဝေအပ်နှင်း ဆောင်ရွက်စေရမှာ ဖြစ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်စေရာတွင် အုပ်ချုပ်ရေးယန္တရားထိရောက်စွာ လည်ပတ်စေရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းပေးရမည်ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရကလည်း နိုင်ငံအကျိုးနှင့် ပြည်သူတို့၏အကျိုးကို ရှေးရှုပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုအပ်သည့်ဥပဒေကြမ်းများကိုရေးဆွဲလျက် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်ပြခွင့်ရှိမှာ ဖြစ်ပါကြောင်း၊ ယင်းသို့ တင်ပြလာသည့်အခါ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဥပဒေများကိုပြဋ္ဌာန်းပေးရမှာဖြစ်ပါကြောင်း။

၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ရှမ်းပြည်နယ်အစိုးရ၊ ကချင်ပြည်နယ်အစိုးရနှင့် ကရင်နီ(ကယား)ပြည်နယ်အစိုးရခေါင်းစဉ်အောက်ရှိ ပုဒ်မ ၁၆၂ ပုဒ်မခွဲ(၁)၊ ပုဒ်မ ၁၇၅ ပုဒ်မခွဲ(၁)၊ ပုဒ်မ ၁၈၁ ပုဒ်မခွဲ(၁)အသီးသီးတွင် "ဤအခြေခံဥပဒေရှိ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ပြည်နယ်၏ အုပ်ချုပ်မှုအခွင့်အာဏာသည် ပြည်နယ်ကောင်စီက တရားဥပဒေပြုပိုင်သော ကိစ္စရပ်များသို့ သက်ရောက်ပျံ့နှံ့သည်" ဟု ပြဋ္ဌာန်းပါရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

ထို့ကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏အုပ်ချုပ်မှုအခွင့်အာဏာနှင့်စပ်လျဉ်း၍

> **"ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏အုပ်ချုပ်မှုအာဏာသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဥပဒေပြုနိုင်သော ကိစ္စရပ်များသို့ သက်ရောက်ပျံ့နှံ့သည်။ ထို့ပြင် ပြည်ထောင်စုဥပဒေ တစ်ရပ်ရပ်အရ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်အစိုးရအား ဆောင်ရွက်ခွင့်ပြုသည့် ကိစ္စရပ်များသို့လည်း သက်ရောက်ပျံ့နှံ့သည်။"**

ဟု အသေးစိတ် အခြေခံရမည့်မူ ချမှတ်ရန်သင့်မသင့်ဆွေးနွေးအကြံပြု ကြရန် ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အနေနှင့် ပြည်ထောင်စုအစိုးရက နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရက လိုအပ်သလိုကူညီဆောင်ရွက်ပေးရန် တာဝန်ရှိမှုနှင့် စပ်လျဉ်း၍ လုပ်ငန်းကော်မတီ၏ လေ့လာတွေ့ရှိချက်များကို ဆက်လက် တင်ပြမည်ဖြစ်ကြောင်း။

ပြည်ထောင်စုအစိုးရအနေနှင့် နိုင်ငံအတွင်း အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိကြောင်း ပြည်ထောင်စုအစိုးရ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကဏ္ဍတွင် ဖော်ပြခဲ့ပြီးဖြစ်ပါကြောင်း။

ယင်းသို့တာဝန်ရှိသည့် အလျောက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းတည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းစောင့်ရှောက်နိုင်မှသာ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းစောင့်ရှောက်ရာ ရောက်ပါကြောင်း။

ယင်းသို့ ထိန်းသိမ်းစောင့်ရှောက်ရာတွင် တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်အစိုးရအနေနှင့်လည်း မိမိနှင့် ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်အတွင်း တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ရှိမှသာလျှင် မိမိနှင့်ဆိုင်ရာ နယ်မြေဒေသအတွင်း အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်မှာ ဖြစ်ပါကြောင်း။

ထို့ကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် မိမိနှင့်ဆိုင်ရာနယ်မြေအတွင်း အုပ်ချုပ်ရေးယန္တရားပုံမှန်လည်ပတ်နိုင်ပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန်လည်းကောင်း၊ တည်ဆောက်ထားပြီးဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိန်းသိမ်းခြင်းဖြင့်လည်းကောင်း၊ ပြည်ထောင်စုအစိုးရက နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် ကူညီရန်လည်းကောင်း အမြဲတစေ ကြိုးပမ်းဆောင်ရွက်နေရမှာဖြစ်ပါကြောင်း။

နိုင်ငံတော်အခြေခံမူများ သတ်မှတ်ရေးအတွက် နိုင်ငံသားများ၏ တာဝန်နှင့် စပ်လျဉ်း၍ ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့် မူတစ်ရပ်တွင် "ပြည်သူတို့၏ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်"ဟု ဖော်ပြပါရှိပါကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအနေနှင့် တစ်ဖက်တွင် ပြည်ထောင်စုအစိုးရက နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက ကူညီရန်တာဝန်ရှိသကဲ့သို့ တစ်ဖက်တွင်လည်း နိုင်ငံသားများ၏ တာဝန်သိသိဆောင်ရွက်မှုကို စည်းရုံးစုစည်းရန် လိုပါကြောင်း။

ထို့ကြောင့်–

> **"တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်အစိုးရသည် ပြည်ထောင်စုအစိုးရက နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် ကူညီရန် တာဝန်ရှိသည်"**

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်ရန် သင့်မသင့် ဆွေးနွေး အကြံပြုကြရန် ဖြစ်ပါကြောင်း။

ဆက်လက်ပြီး တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်အစိုးရ၏ တာဝန်အဖြစ် လုပ်ငန်းအစီအစဉ် ချမှတ်ခြင်း၊ ယင်းလုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်းပြီး လုပ်ငန်းကော်မတီ၏ လေ့လာ တွေ့ရှိချက်များကို ရှင်းလင်းတင်ပြပါမည်။

တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်အစိုးရသည် မိမိနယ်မြေဒေသကို မည်ကဲ့သို့ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည်၊ မည်သည့်လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်မည်ဆိုသည့် လုပ်ငန်းအစီအစဉ်များ ချမှတ်ရပါမည်။ ယင်းသို့ချမှတ်ရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏နှစ်ရှည်၊ နှစ်တိုနှင့် နှစ်စဉ်စီမံကိန်းများကို ထည့်သွင်းဖော်ပြရန် ဖြစ်ကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် မိမိနယ်မြေဒေသအတွင်းရှိ ရေမြေတောတောင် သဘာဝအခြေအနေအရပ်ရပ်နှင့် လိုက်လျောညီထွေရှိမည့် စီးပွားရေး၊ လူမှုရေး၊အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်ကြရပါမည်။ ဤသို့ဆောင်ရွက်သည့်အခါ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဦးတည်ချက်များ၊ အခြေခံမူများ၊ လမ်းညွှန်ချက်များနှင့်အညီဖြစ်စေရန် ဆောင်ရွက်ကြရပါမည်။ ထို့အပြင် ပြည်ထောင်စုအစိုးရက ချမှတ်ထားသည့် မူဝါဒများနှင့်သော်လည်းကောင်း၊ ပြည်ထောင်စုဥပဒေများနှင့်သော်လည်းကောင်း မဆန့်ကျင်စေရန်လည်း ဂရုပြုကြရမည်ဖြစ်ကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် နှစ်ရှည်၊ နှစ်တိုနှင့် နှစ်စဉ် စီမံကိန်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူပြီးမှ အကောင်အထည်ဖော်ဆောင်ရွက်ကြရမှာ ဖြစ်ပါကြောင်း။

ထို့ကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ စီမံကိန်းများ အပါအဝင် လုပ်ငန်းအစီအစဉ်များ ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်းပြီး–

> **"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် ပြည်ထောင်စုအစိုးရက ချမှတ်ထားသည့်မူဝါဒများနှင့်သော်လည်းကောင်း၊ ပြည်ထောင်စုဥပဒေများနှင့်သော်လည်းကောင်း မဆန့်ကျင်စေဘဲ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် စီမံကိန်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရမည်"**

ဟု အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရန် သင့်မသင့် ဆွေးနွေးအကြံပြုကြရန် ဖြစ်ကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ လုပ်ငန်းတာဝန်တစ်ရပ်အဖြစ် သတ်မှတ်သင့်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ နှစ်စဉ်အရ အသုံးခန့်မှန်းခြေ ငွေစာရင်း ရေးဆွဲခြင်း၊ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်း ရေးဆွဲခြင်းတို့နှင့် စပ်လျဉ်းပြီး လုပ်ငန်းကော်မတီ၏ လေ့လာတွေ့ရှိချက်များကို ဆက်လက်တင်ပြပါမည်။

၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ပြည်နယ်များအတွက် အရအသုံးခန့်မှန်းခြေ ငွေစာရင်းများ ပြုစုခြင်း၊ ပြည်နယ်ကောင်စီသို့ တင်ပြခြင်းနှင့်စပ်လျဉ်းပြီး ပုဒ်မ ၁၆၄ ပုဒ်မခွဲ(၁)၊ ပုဒ်မ ၁၇၇ ပုဒ်မခွဲ(၁)၊ ပုဒ်မ ၁၈၁ ပုဒ်မခွဲ(ဂ)(ပြင်ဆင်ချက်)နှင့် ပုဒ်မ ၁၉၃ပုဒ်မခွဲ(၁)တို့တွင် "ပြည်နယ် ဥက္ကဋ္ဌသည် ဘဏ္ဍာတော်နှစ်တိုင်း တစ်နှစ်အတွက် ပြည်နယ်ဆိုင်ရာ အရမှန်းခြေငွေစာရင်းနှင့် အသုံး မှန်းခြေငွေစာရင်းများပြုရမည်။ သို့တည်းမဟုတ် ပြုစေရမည်။ ထိုငွေစာရင်းများကို စဉ်းစားဆွေးနွေးစေရန် ပြည်နယ်ကောင်စီသို့ တင်သွင်းရမည်"ဟု ပြဋ္ဌာန်းထားသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရသည် မိမိနှင့်ဆိုင်ရာ နယ်မြေဒေသအတွင်းလုံခြုံရေး၊အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့်လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရသည့် အဖွဲ့အစည်းဖြစ်၍ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်၏နှစ်စဉ် အရအသုံးခန့်မှန်းခြေငွေစာရင်းကိုရေးဆွဲရပါမည်။ ဤသို့ရေးဆွဲနိုင်ရန် တစ်နှစ်ကာလအတွင်းတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကရရှိနိုင်မည့် အခွန်အကောက်စသည့်ဝင်ငွေများ၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ ဝန်ထမ်းအဖွဲ့အစည်းများအတွက် ကုန်ကျမည့် အသုံးစရိတ်များ၊ ဆောင်ရွက်နေဆဲလုပ်ငန်းများ၊ နှစ်ရှည်၊ နှစ်တိုနှင့်နှစ်စဉ် စီမံကိန်းများအတွက် ကုန်ကျမည့် အသုံးစရိတ်များကို ခန့်မှန်းတွက်ချက်ရပါမည်။ ဤသို့ခန့်မှန်းတွက်ချက်သည့်အခါ ပြည်ထောင်စုအစိုးရထံမှ ခွဲဝေပေးရန် လိုအပ်မည့်ဖြည့်ဆည်းငွေများ၊ ရယူလိုသည့် ချေးငွေများ၊ ကူညီထောက်ပံ့မှုများကိုလည်း ထည့်သွင်းတွက်ချက်ရပါမည်။

စာမျက်နှာ ၆ သို့

တာဝန်နှင့်လုပ်ပိုင်ခွင့်များ ခွဲဝေအပ်နှင်း

- **ပြည်ထောင်စုအစိုးရအား တာဝန်နှင့် လုပ်ပိုင်ခွင့်များအပ်နှင်းထားသည့် နည်းတူတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအား တာဝန်နှင့်လုပ်ပိုင်ခွင့်များ ခွဲဝေအပ်နှင်းရမှာဖြစ်ပါကြောင်း။ ပြည်ထောင်စုအစိုးရသည် ပြည်ထောင်စုတစ်ဝန်းလုံးအတွက် မိမိအားအပ်နှင်းထားသည့် အုပ်ချုပ်ရေးဆိုင်ရာတာဝန်နှင့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်နိုင်ခွင့်ရှိသကဲ့သို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည်လည်း မိမိတို့နယ်မြေဒေသအတွင်း ကျင့်သုံးဆောင်ရွက်ခွင့်ရှိမည့် အုပ်ချုပ်ရေးဆိုင်ရာ တာဝန်နှင့်လုပ်ပိုင်ခွင့်များ အပ်နှင်းဆောင်ရွက်စေရမှာ ဖြစ်ပါကြောင်း။**

ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားမည့် ဘဏ္ဍာရေးကော်မရှင်တွင် ညှိနှိုင်းကြပြီး မိမိတို့၏ ခန့်မှန်းခြေငွေစာရင်းအသီးသီးကို ထပ်မံရေးဆွဲ သတ်မှတ်ကြရမည်

စာမျက်နှာ ၅မှ

တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်အစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့်အညီ မိမိနှင့်ဆိုင်ရာနှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းများကို ရှေးဦးစွာ ရေးဆွဲရမှာဖြစ်ပါကြောင်း။ ဤသို့ရေးဆွဲသည့်အခါ ရငွေအပိုင်းတွင် သာမန်ရငွေနှင့် ငွေလုံးငွေရင်းရငွေများဟူ၍လည်းကောင်း၊ သုံးငွေအပိုင်းတွင် သာမန်သုံးငွေနှင့် ငွေလုံးငွေရင်းသုံးငွေများဟူ၍လည်းကောင်း ခွဲခြားပြုစုရေးဆွဲရပါမည်။ ဤသို့ရေးဆွဲသည့်အခါတွင် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အတွင်း ရငွေနှင့်သုံးငွေမကာမိပါက ပြည်ထောင်စုအစိုးရထံမှ ဖြည့်ဆည်းငွေ၊ ချေးငွေမည်မျှရယူလိုသည်ကိုလျာထားရပါမည်။ ထိုသို့လျာထားရာတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းသို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရှိသည့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရသည် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များက ညှိနှိုင်းတင်ပြချက်အရ အတည်ပြုထားသည့် နှစ်ရှည်၊ နှစ်တိုနှင့် နှစ်စဉ်စီမံချက်များ အတွက်လိုအပ်မည့် ဖြည့်ဆည်းငွေ၊ ချေးငွေနှင့် ထောက်ပံ့မှုများပါဝင်သည့် နှစ်စဉ်အရ အသုံးမှန်းခြေငွေစာရင်းများကိုလည်း ထည့်သွင်းလျာထားရပါမည်။

ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်အစိုးရတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားမည့်ဘဏ္ဍာရေးကော်မရှင်တွင် ညှိနှိုင်းကြပြီး မိမိတို့၏ခန့်မှန်းခြေငွေစာရင်း အသီးသီးကို ထပ်မံရေးဆွဲသတ်မှတ်ကြရပါမည်။ ဘဏ္ဍာရေးကော်မရှင်တွင် နိုင်ငံတော်သမ္မတနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ အဓိကပါဝင်ကြမှာဖြစ်ကြောင်း။ ဘဏ္ဍာရေးကော်မရှင်တွင် အကျေအလည် ဆွေးနွေးကြပြီး ပြည်ထောင်စုအတွက်ရော၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးအတွက်ပါ လျာထားသတ်မှတ်ပေးရန် ညှိနှိုင်းရရှိသည့်ခန့်မှန်းခြေငွေစာရင်းကို အတည်ပြုကြရပါမည်။ ဘဏ္ဍာရေးကော်မရှင်တွင် ညှိနှိုင်းကြသည့်အခါ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအသီးသီးသည် ပြည်ထောင်စုအစိုးရထံမှ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်ဆည်းငွေမည်မျှရမည် အထူးကိစ္စတစ်ရပ်အနေဖြင့် ထောက်ပံ့ငွေမည်မျှရမည်၊ ချေးငွေမည်မျှရမည် ဆိုသည်ကိုကြိုတင်သိရှိကြမှာဖြစ်ကြောင်း။

ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းခြင်းနှင့် ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံက အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ထားပြီးဖြစ်ပါကြောင်း။ ချမှတ်ထားပြီးဖြစ်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်အညီ ဘဏ္ဍာရေးကော်မရှင်သည် ပြည်ထောင်စု၏ အရအသုံးဆိုင်ရာ ခန့်မှန်းခြေငွေစာရင်း၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များအား ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာငွေများကို သင့်တင့်လျောက်ပတ်စွာ ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စတစ်ရပ်အနေဖြင့် ထောက်ပံ့ခြင်း၊ လိုအပ်မည့် ချေးငွေများ ထုတ်ပေးခြင်းတို့ပါဝင်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြနိုင်ရေးအတွက် နိုင်ငံတော်သမ္မတထံသို့ ထောက်ခံတင်ပြလာခဲ့သည့်အခါ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား နိုင်ငံတော်သမ္မတ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြမှာဖြစ်ကြောင်း။

ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါအတိုင်း ပြည်ထောင်စုအစိုးရအဖွဲ့က လိုအပ်သလို ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း။

ပြည်ထောင်စု၏ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းကို အခြေပြုလျက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတို့သည် မိမိတို့ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီး၏ နှစ်စဉ်အရအသုံးခန့်မှန်းခြေ ငွေစာရင်းများကို ပြန်လည်ရေးဆွဲ ကြရပါမည်။ ဤသို့ရေးဆွဲပြီးသည့်အခါ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေကြမ်းကိုရေးဆွဲပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ အကျိုးအကြောင်းဖော်ပြလျက်တင်သွင်းပြီး အတည်ပြုချက် ရယူရပါမည်။ ထိုသို့အတည်ပြုချက်ရယူပြီးသည့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေတွင်ပါရှိသည့်ခွင့်ပြုငွေကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းသို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီး အဖွဲ့သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့တို့အား အသိပေး အကြောင်းကြားရပါမည်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်က အတည်ပြု ပြဋ္ဌာန်းခြင်းမပြုနိုင်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအနေဖြင့် မည်ကဲ့သို့ဆောင်ရွက်ပိုင်ခွင့်ရှိသင့်သည် ဆိုသည်နှင့် စပ်လျဉ်းပြီး လုပ်ငန်းကော်မတီ၏ လေ့လာတွေ့ရှိချက်များကို ဆက်လက်ပြီး တင်ပြလိုပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် နှစ်စဉ်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ဘဏ္ဍာရေးနှစ် မကုန်ဆုံးမီ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်ပြလျက် သဘောတူအတည်ပြုချက်ရယူရပါမည်။ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် အစိုးရသည် မိမိ၏ နယ်မြေဒေသအတွင်း အုပ်ချုပ်ရေးယန္တရားစဉ်ဆက်မပြတ် လည်ပတ်နိုင်အောင် ဆောင်ရွက်ရန် တာဝန်ရှိပါကြောင်း။ သို့မှသာ ဆောင်ရွက်နေသည့် အုပ်ချုပ်ရေး၊စီးပွားရေး၊လူမှုရေး၊လုံခြုံရေးစသည့် လုပ်ငန်းများကို ရပ်တန့်သွားခြင်း မရှိစေဘဲ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မှာ ဖြစ်ကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်၏ ဦးတည်ချက်တစ်ရပ်ဖြစ်သည့် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေးကို ရှေးရှုဆောင်ရွက်ရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တွင် တိုင်းဒေသကြီးသို့မဟုတ်

ဘဏ္ဍာရေးကော်မရှင်တွင် နိုင်ငံတော်သမ္မတနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ အဓိကပါဝင်ကြရမည်

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသည် သက်ဆိုင်ရာ လွှတ်တော်က အတည်ပြုပြီးသည့်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကိုဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က ဥပဒေအဖြစ်လက်မှတ်ရေးထိုးပြီး ထုတ်ပြန်သည့် အခါမှပင် သုံးစွဲခွင့်ရှိမှာ ဖြစ်ကြောင်း။

ထို့ကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ နှစ်စဉ်အရအသုံး ခန့်မှန်းခြေငွေစာရင်းရေးဆွဲခြင်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပြဋ္ဌာန်းခြင်းတို့နှင့် စပ်လျဉ်းပြီး-

"တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရသည် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စု၏ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းအပေါ်အခြေပြုလျက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြဋ္ဌာန်းပေးနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းရမည်"

ဟု အသေးစိတ် အခြေခံရမည့် မူချမှတ်ရန် သင့်မသင့် ဆွေးနွေးအကြံပြုကြရန် ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏နှစ်စဉ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ဘဏ္ဍာရေးနှစ်မကုန်ဆုံးမီ သက်ဆိုင်ရာ ပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအပေါ် ဆွေးနွေးမှုများ ပြုလုပ်ကြရမှာ ဖြစ်ကြောင်း။ ဤသို့ ဆွေးနွေးသည့်အခါတွင် ဘဏ္ဍာရေးနှစ်မကုန်ဆုံးမီ မပြီးပြတ်နိုင်သည့် အခြေအနေမျိုးပေါ်ပေါက်ကောင်း ပေါ်ပေါက်နိုင်သည့်အတွက် တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို အချိန်မီ မပြဋ္ဌာန်းနိုင်သည့် အခြေအနေမျိုး ရှိနိုင်ပါကြောင်း။

ဤသို့သော အခြေအနေမျိုး ပေါ်ပေါက်သည့်အခါမျိုးတွင် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအနေဖြင့် အစိုးရယန္တရားပုံမှန်လည်ပတ်နိုင်စေရန် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဘဏ္ဍာငွေကို ဆက်လက်သုံးစွဲဆောင်ရွက်ခွင့်ရှိသင့်ပါကြောင်း။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းများ၏ အကြီးအကဲများနှင့်အဖွဲ့အစည်းဝင်များ၏လစာနှင့် အခြားစရိတ်ကြေးငွေများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့အကြီးအကဲများနှင့် အဖွဲ့အစည်းဝင်များ၏ လစာနှင့် အခြားစရိတ်ကြေးငွေများ၊ ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ ဝန်ထမ်းများ၏ လစာနှင့် အခြားစရိတ်ကြေးငွေများနှင့် အခြားသာမန်အသုံးစရိတ်များ စသည်တို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ကန့်သတ်ချက်များနှင့်အညီ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ စဉ်ဆက်မပြတ်ကျခံ သုံးစွဲခွင့်ရှိသင့်ပါကြောင်း။ ဤသုံးစွဲခွင့်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က နောက်ဆုံးပြဋ္ဌာန်းထားသည့် တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ သာမန်အသုံးစရိတ်ခွင့်ပြုချက်ဘောင်အတွင်းမှ သတ်မှတ်ချက်များနှင့်အညီဆက်လက်သုံးစွဲခွင့်ရှိသင့်ပါကြောင်း။ သို့မှသာ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအနေဖြင့် အုပ်ချုပ်ရေးယန္တရားကို အရှိန်အဟုန်မပျက် ပုံမှန်လည်ပတ်မှုရှိစေရန် တာဝန်ယူဆောင်ရွက်သွားနိုင်မှာ ဖြစ်ကြောင်း။

တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်ကဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့ပါက ယင်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကြိုတင်သုံးစွဲပြီးခဲ့သည့် သာမန်အသုံးစရိတ်များကို လိုအပ်သလို စာရင်းညှိနှိုင်း သွားရန်ဖြစ်ပါကြောင်း။

ထို့ကြောင့် ဘဏ္ဍာရေးနှစ် မကုန်ဆုံးမီ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် လွှတ်တော်က သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကိုပြဋ္ဌာန်းခြင်းမပြုနိုင်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့်နှင့်စပ်လျဉ်းပြီး-

"တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရသည် မိမိတင်သွင်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ဘဏ္ဍာရေးနှစ်မကုန်ဆုံးမီ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကပြဋ္ဌာန်းခြင်းမပြုနိုင်လျှင်တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်လွှတ်တော်က နောက်ဆုံးပြဋ္ဌာန်းထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါသာမန်အသုံးစရိတ် ခွင့်ပြုချက်ဘောင်အတွင်း သုံးစွဲခွင့်ရှိသည်။"

ဟု အသေးစိတ်အခြေခံရမည့်မူချမှတ်ရန် သင့်မသင့်ဆွေးနွေး အကြံပြုကြရန်ဖြစ်ပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။ **(သတင်းစဉ်)**

ပြည်နယ်လွှတ်တော်သို့တင်ပြလျက်သဘောတူအတည်ပြုချက်ရယူရမည်

❒ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် နှစ်စဉ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာ ဥပဒေကြမ်းကို ဘဏ္ဍာရေးနှစ် မကုန်ဆုံးမီ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်ပြ လျက် သဘောတူအတည်ပြုချက်ရယူရပါမည်။

နီကယ်သတ္တုစမ်းသပ်တိုင်းတာရေး ဒုတိယဝန်ကြီး ဦးမြင့်သိန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၀

သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းသည် တာဝန်ရှိသူများ လိုက်ပါလျက် မန္တလေးတိုင်း သပိတ်ကျင်းမြို့နယ်ရှိ တကောင်းတောင် နီကယ်သတ္တုစမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုကွင်းဆင်း လုပ်ငန်းများ၏ ဆောင်ရွက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးနိုင်ရန် တကောင်းတောင်သို့ မတ် ၈ ရက်တွင်ရောက်ရှိရာ တာဝန်ရှိသူများနှင့် တရုတ်ပညာရှင်များက ယခုအချိန်အထိ ဆောင်ရွက်ပြီးစီးသော လုပ်ငန်းများ၏အခြေအနေနှင့် မိုးမကျမီ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြ ဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ယင်းလုပ်ငန်းကို အမှတ်(၃) သတ္တုတွင်းလုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Non-Ferrous Metal Mining & Construction (Group) Co., Ltd.(CNMC) တို့ ၂၀၀၄ ခုနှစ် ဇူလိုင်လက လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ စတင်၍ဆောင်ရွက်နေသော လုပ်ငန်း တစ်ခုဖြစ်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် စိန်လွန်စက်ဖြင့် လွန်တူးနေပုံများ၊ လွန်အူစာတောင့်များ ရရှိစုဆောင်းနေပုံများ၊ တူးဖော်ပြီးစီးသော စိန်လွန်ကွင်းများ၏ နေရာအမှတ်အသားပြုလုပ်ထားပုံများကို လည်းကောင်း၊ အစမ်းတွင်းများတူးဖော်နေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ သတ်မှတ် ထားသောလုပ်ငန်းများ၏ ၈၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း တွေ့ရှိရသည်။

ပြီးစီးအောင်ဆောင်ရွက်

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် တရုတ်ပညာရှင်များ၏ ခန်းမသို့သွားရောက်၍ ၎င်းတို့၏ အဆောက်အအုံ တည်ဆောက်ထားရှိမှုများ၊ ရောက်ရှိလာသော စက်ယန္တရားနှင့် လွန်တူးစက် ထားသိုမှုများနှင့် ဓါတ်ခွဲခန်းတို့ကို ကြည့်ရှုစစ်ဆေး၍ ဒုတိယဝန်ကြီးက တရုတ်ပညာရှင်များ၏ အသေးစိတ်တင်ပြချက် များအပေါ် လိုအပ်သည်များကို ကူညီဖြည့်ဆည်းပြီး နှစ်ဖက်ညှိနှိုင်းပူးပေါင်း ဆောင်ရွက်မှုကြောင့် လုပ်ငန်းများ ယခုကဲ့သို့ အောင်မြင်မှုရရှိလျက်ရှိကြောင်းနှင့် ကျန်လုပ်ငန်းများကို မိုးမကျမီ ပြီးစီးအောင် ဆောင်ရွက်နိုင်ရေး မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်မတော်စစ်သမိုင်းပြတိုက် ပြခန်းများပြင်ဆင်မွမ်းမံ

ရန်ကုန် မတ် ၁၀

၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲ ခင်းကျင်းပြသရန် ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ ပြခန်းများကို ပြင်ဆင်မွမ်းမံလျက် ရှိသည်။

ထိုသို့ပြင်ဆင်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနပြခန်းများမှ အမှတ်(၁) စက်မှုဝန်ကြီးဌာနပြခန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနပြခန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနပြခန်း၊ သစ်တောရေးရာဝန်ကြီးဌာနပြခန်း၊ သမဝါယမ ဝန်ကြီးဌာနပြခန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနပြခန်း၊ ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံးပြခန်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးပြခန်း၊ တိုင်းစစ်ဌာနချုပ်ပြခန်းများမှ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်ပြခန်း၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်ပြခန်း၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်ပြခန်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်ပြခန်း၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်ပြခန်း၊ ဆက်သွယ်ရေး ညွှန်ကြားရေးမှူးရုံး ပြခန်း၊ထောက်ပံ့နှင့် ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံးပြခန်းနှင့် နိုင်ငံတော်ဦးတည်ချက်(၁၂)ရပ် ပြခန်းတို့ကို ယနေ့နံနက်ပိုင်းတွင် အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်မွမ်းမံလျက်ရှိရာ တာဝန်ရှိသူများက ကြပ်မတ်စစ်ဆေးကြသည်။ **(သတင်းစဉ်)**

ပထမအကြိမ် ဩဝါဒခံယူပွဲကျင်းပမည်

ရန်ကုန် မတ် ၁၀

ရောဝတီတိုင်း ဟင်္သာတမြို့ မိုးကောင်းပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက ကျေးဇူးတော်ရှင် ဘဒ္ဒန္တသုဓမ္မာစာရ အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးတော်ရှင် ဆရာတော်ထံတော်မှ အဝေးရောက် မိုးကောင်းနွယ်ဖွားတပည့်များ၏ ပထမအကြိမ် ဩဝါဒခံယူပွဲကို မတ် ၁၉ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် မင်္ဂလာသီရိ ပရိယတ္တိ စာသင်တိုက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

နှစ်(၆၀)ပြည့်တပ်မတော်နေ့အထိမ်းအမှတ် ကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၁၀

နိုင်ငံတော်ဦးတည်ချက် (၁၂)ရပ် ပြခန်း ခင်းကျင်းပြသရေး လုပ်ငန်းကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ကွန်ပျူတာဉာဏ်စမ်း ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး၌ ကျင်းပရာ နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပရေး၊ ဆုချီးမြှင့်ရေးနှင့် ဘဏ္ဍာရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးကြီးဉာဏ်ထွန်း၊စစ်ဦးစီး ဗိုလ်မှူးကြီး (လေ)ဗိုလ်မှူးကြီးနေဝင်း၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ် ၃၀ တို့မှ ပြိုင်ပွဲဝင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ်ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်နှင့်ကျပန်းစကားပြောပြိုင်ပွဲကျင်းပရေး၊ ဆုချီးမြှင့်ရေးနှင့် ဘဏ္ဍာရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေက အဖွင့် အမှာစကားပြောကြားသည်။

ကြည့်ရှုအားပေး

ထို့နောက် ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်မှ ကထိက ဦးတင်ဝင်းက ကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲ တွင် ဖြေဆိုရမည့် မေးခွန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ယနေ့ ပြိုင်ပွဲဝင်မြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များသည် ပြိုင်ပွဲကျင်းပသည့် ခန်းမ၌ မိမိတို့ သတ်မှတ်နေရာများတွင် ဝင်ရောက်ဖြေဆိုကြရာ နှစ်(၆၀)ပြည့်တပ်မတော်နေ့ အထိမ်းအမှတ် ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကား ပြောပြိုင်ပွဲကျင်းပရေး၊ ဆုချီးမြှင့်ရေးနှင့် ဘဏ္ဍာရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးကြီးဉာဏ်ထွန်း၊ စစ်ဦးစီး ဗိုလ်မှူးကြီး (လေ)ဗိုလ်မှူးကြီးနေဝင်းနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှု အားပေးကြသည်။

ယနေ့ပြုလုပ်သည့် ကွန်ပျူတာ ဉာဏ်စမ်းပြိုင်ပွဲသို့ တာမွေမြို့နယ်၊ ကမာရွတ်မြို့နယ်နှင့် သန်လျင်မြို့နယ် တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ၂၅ ဦးစီ စုစုပေါင်း အသင်းဝင် ၇၅ ဦးတို့ ပြိုင်ပွဲဝင်ကြပြီး ပြိုင်ပွဲကို မတ် ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

Sanyo ပစ္စည်းသစ်များမိတ်ဆက်ရှင်းလင်းပြသ

ရန်ကုန် မတ် ၁၀

OK Myanmar Co.,Ltd. ၏ Sanyo Electronic ပစ္စည်းသစ်များ မိတ်ဆက်ရှင်းလင်းပြသခြင်း အခမ်းအနားကို ယမန်နေ့ည ၇ နာရီက ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း Excel Treasure Hotel ၁၀ ထပ်ရှိ Crystal Jade ခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ဌာနဆိုင်ရာ ဖိတ်ကြားထားသူများ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများ၊ Electronic အရောင်းဆိုင်များမှ အရောင်းကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် OK Myanmar Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးကျော်ကျော်လှိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး Sanyo လျှပ်စစ်ပစ္စည်းများ တိုးချဲ့ဖြန့်ဖြူးမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။ **(အပေါ်ပုံ)** ဆက်လက်၍ ကုမ္ပဏီ ဒါရိုက်တာ ဒုတိယဗိုလ်မှူးကြီး ဇော်ဝိတ်(ငြိမ်း)က Sanyo လျှပ်စစ်ပစ္စည်းများ ဝယ်ယူသုံးစွဲသူများအပေါ် Sanyo Service ဝန်ဆောင်မှုလုပ်ငန်းက ဆောင်ရွက်ပေးမည့် ဝန်ဆောင်မှုအာမခံချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် Sanyo (Thailand) ကုမ္ပဏီ၏ LCD Projection နှင့် Digital Camera များ၊ Division မှဈေးကွက်ဖြန့်ဖြူးရေးမန်နေဂျာ Mr. Narongsak နှင့် OK Myanmar Co.,Ltd.မှ အင်ဂျင်နီယာဝန်ထမ်းများက Sanyo ပစ္စည်းသစ်များဖြစ်သည့် Digital Camera များ၊ LCD Projector များ၊ Watercooler များ၏ အရည်အသွေးနှင့် အသုံးပြုနိုင်မှုများကို အသေးစိတ် ရှင်းလင်းတင်ပြကြသည်။

OK Myanmar Co.,Ltd.သည် ဂျပန်နိုင်ငံ Sanyo Electornic Corporation က ထုတ်လုပ်သည့် လျှပ်စစ်ပစ္စည်းများကို မြန်မာနိုင်ငံ၌ တရားဝင်ဖြန့်ဖြူးနေသည့် ကုမ္ပဏီဖြစ်သည်။ Sanyo လေအေးပေးစက်များ၊ ရေခဲသေတ္တာများ၊ အဝတ်လျှော်စက်များကို ဖြန့်ဖြူးရောင်းချလျက်ရှိရာမှ သုံးစွဲသူများ၏ လိုအပ်ချက်များအရ ယခုကဲ့သို့ Sanyo ပစ္စည်းသစ်များကို ထပ်မံတိုးချဲ့ဖြန့်ဖြူးခြင်းဖြစ်သည်။ ထပ်မံဖြန့်ဖြူးမည့် ပစ္စည်းသစ် များတွင် Sanyo Digital Camera အမျိုးမျိုး၊ Multi Media သုံး Projector များနှင့် Sanyo အိမ်သုံး လျှပ်စစ်ပစ္စည်းအမျိုးမျိုး ပါဝင်သည်။

အဆိုပါပစ္စည်းများကို ဗဟန်းမြို့နယ် ရွှေဂုံတိုင် မီးပွိုင့်အနီး ဒဂုံစင်တာရှိ အိုကေမြန်မာကုမ္ပဏီရုံး ဖုန်း- ၅၄၄၄၅၄-၆၅၊ ပန်းဆိုးတန်းအလယ်ရှိ Sanyo Main Showroom ဖုန်း-၂၄၁၀၇၇၊ ၃၈၄၀၇၇၊ မဟာဗန္ဓုလ ပန်းခြံလမ်း မြို့တော်ခန်းမရှေ့ရှိ Sanyo Service ဖုန်း- ၃၇၆၉၉၇၊ ၃၈၄၇၄၈ တို့တွင် ကြည့်ရှုစုံစမ်းဝယ်ယူနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

ရန်ကုန်ဆေးတက္ကသိုလ်(၁) မြတ်ဆရာပူဇော်မည်

ရန်ကုန် မတ် ၁၀

ရန်ကုန်ဆေးတက္ကသိုလ်(၁)၌ ၁၉၆၁ခုနှစ်တွင် စတင်တက်ရောက်ခဲ့သူများ၊ ၁၉၆၆ ခုနှစ်တွင် ဘွဲ့ရရှိခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ ပြန်လည်တွေ့ဆုံပွဲနှင့် ဆရာကန်တော့ပွဲ အစီအစဉ်ကို ၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၁၄ ရက် (စနေနေ့) တွင် သိမ်ဖြူလမ်း မြန်မာနိုင်ငံဆရာဝန်များအသင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူဟောင်းများသည် ဒေါက်တာစောနိုင် ဖုန်း-၅၀၅၉၀၉၊ ဒေါက်တာစန်းမြ ဖုန်း-၅၇၃၂၃၆၊ ဒေါက်တာ ဒေါ်ဌေးနွယ် (Daisy)ဖုန်း-၅၀၄၅၈၃၊ ဒေါက်တာ ခင်လေးဝေ (Rosalind) ဖုန်း-၂၈၁၇၈၂ နှင့် ဒေါက်တာ ခင်မျိုးဟန် (Mary) ဖုန်း-၅၅၅၁၂၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန်လိုအပ်သည့်ကိစ္စမှအပ မော်တော်ယာဉ်များမသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၅ ခုနှစ်၊ မတ်လအတွက်

(၁၃-၃-၂၀၀၅)ရက်နေ့

နှင့်

(၂၇-၃-၂၀၀၅)ရက်နေ့

ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကျင်းပ

ရန်ကုန် မတ် ၁၀

ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲအခမ်းအနားကို မတ် ၇ရက် နံနက် ၇နာရီတွင် ဧရာဝတီရေတပ်စခန်းဌာနချုပ် သီဟသူရထွန်းတင်ခန်းမ၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊ ရန်ကုန်တပ်နယ်နှင့်သန်လျင်တပ်နယ်တို့မှ အရာရှိ၊ စစ်သည်များ၊ မိသားစုများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်အားပေးကြသည်။

ဗိုလ်လုပွဲကို ဆက်လက်ကျင်းပရာ အသင်းလိုက် ပထမတံခွန်စိုက်ဒိုင်းဆုကို ဧရာဝတီရေတပ်စခန်းဌာနချုပ်အသင်းက လည်းကောင်း၊ နှစ်ယောက်တွဲပြိုင်ပွဲ တံခွန်စိုက်ဖလားဆုကို ဧရာဝတီရေတပ်စခန်းဌာနချုပ်အသင်းကလည်းကောင်း၊ အတိုးတက်ဆုံးအားကစားသမားဆုကို ရေတပ်လေ့ကျင့်ရေးဌာနချုပ်အသင်းမှ တပ်သားကျော်မင်းသူကလည်းကောင်း၊ အကောင်းဆုံးအားကစားသမားဆုကို ဧရာဝတီရေတပ်စခန်းဌာနချုပ်အသင်းမှ တပ်ကြပ်အောင်မြင့်ဆန်းကလည်းကောင်း အသီးသီးရရှိသွားကြသည်။

ဆုများချီးမြှင့်

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်၍ ၂၀၀၅ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်းဆုရ ဧရာဝတီရေတပ်စခန်းဌာနချုပ်အသင်းကို ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေတပ်သင်္ဘောကျင်းဌာနချုပ် ဒုတိယဌာနချုပ်မှူး ဗိုလ်မှူးကြီးဟံစိန်က ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့်ဇနီးများ အင်းလေး၊ကလော၊ပင်းတယနှင့်တောင်ကြီးသို့ သွားရောက်လေ့လာခဲ့

ရန်ကုန် မတ် ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စစ်သံမှူးများနာယက လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံစစ်သံမှူး Col. Onechanh Phetsalat ခေါင်းဆောင်သော ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့် ၎င်းတို့၏ဇနီးများ၊ မိသားစုများပါဝင်သည့်လေ့လာရေးအဖွဲ့သည် တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်မြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေးနှင့် တပ်မတော်အရာရှိကြီးများ၏ဇနီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ တောင်ကြီး၊အင်းလေး၊ပင်းတယနှင့်ကလောဒေသများသို့လေ့လာရန် မတ် ၈ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ တပ်မတော်အထူးလေယာဉ်များဖြင့်ထွက်ခွာခဲ့ကြရာ နံနက် ၈နာရီ၄၅မိနစ်တွင် ဟဲဟိုးလေဆိပ်သို့ ရောက်ရှိကြသည်။

ကြိုဆိုနှုတ်ဆက်

စစ်သံမှူးများလေ့လာရေးအဖွဲ့အား ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်ဇနီး ဒေါ်ဝင်းဝင်းနု၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့်ဇနီးတို့ အမှူးပြုသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများ၊ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများက ဟဲဟိုးလေဆိပ်တွင်ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် စစ်သံမှူးများလေ့လာရေးအဖွဲ့သည် အင်းလေးဒေသသို့သွားရောက်ကြည့်ရှုလေ့လာရန် မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ နံနက် ၁၀နာရီ၁၀မိနစ်တွင် ညောင်ရွှေ ဖောင်တော်ပြန်လှေဆိပ်သို့ရောက်ရှိပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်စိုးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများကကြိုဆိုကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် စစ်သံမှူးများလေ့လာရေးအဖွဲ့သည် စက်လှေများဖြင့် အင်းလေးဒေသရှိ(Golden Island Cottages Hotel)သို့ ရောက်ရှိကြပြီးနေ့လယ်စာ သုံးဆောင်ကြသည်။

ဆက်လက်၍ စစ်သံမှူးများ လေ့လာရေးအဖွဲ့သည် မွန်းလွဲ ၁ နာရီတွင် ဖောင်တော်ဦးဘုရားသို့ ရောက်ရှိကြပြီးလှည့်လည်ကြည့်ရှုကာ ဖောင်တော်ဦးဘုရား ဂေါပကအဖွဲ့သို့အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် စစ်သံမှူးများ လေ့လာရေးအဖွဲ့သည် နန်းပန်ရွာရှိ အလိုတော်ပေါက်ဘုရားသို့ ရောက်ရှိကြပြီး လှည့်လည်ကြည့်ရှု၍ ဂေါပကအဖွဲ့သို့ အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ စစ်သံမှူးများ လေ့လာရေးအဖွဲ့သည် အင်းပေါ်ခုံရွာရှိ မြစကြာရက်ကန်းရုံသို့ ရောက်ရှိကြပြီးလှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် စစ်သံမှူးများ လေ့လာရေးအဖွဲ့သည် ငါးဖယ်ချောင်းဘုန်းကြီးကျောင်းသို့ ရောက်ရှိကြပြီး လှည့်လည်ကြည့်ရှု လေ့လာကြကာ (Golden Island Cottages Hotel)၌ ညအိပ်ရပ်နားကြသည်။

ကြည့်ရှု

စစ်သံမှူးများလေ့လာရေးအဖွဲ့သည် မတ် ၉ ရက်နံနက်ပိုင်းတွင် ညောင်ရွှေသို့စက်လှေများဖြင့် ထွက်ခွာလာကြရာ နံနက် ၈နာရီခွဲတွင် ညောင်ရွှေ ဖောင်တော်ပြန်လှေဆိပ်သို့ ရောက်ရှိကြသည်။

ယင်းနောက် စစ်သံမှူးများလေ့လာရေးအဖွဲ့သည် ညောင်ရွှေမှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ ကလောမြို့ နီးဘုရားသို့ နံနက်၁၀ နာရီ မိနစ် ၂၀တွင် ရောက်ရှိကြပြီး နီးဘုရားအား ကြည်ညိုကြသည်။

ဆက်လက်၍ စစ်သံမှူးများလေ့လာရေးအဖွဲ့သည် ကလောရွှေဥမင်ဘုရားသို့ သွားရောက်ကြပြီး (Hill Top Villa Resort Hotel)တွင် နေ့လယ်စာ သုံးဆောင်ကြသည်။

အလှူငွေများလှူဒါန်း

ထိုမှတစ်ဆင့် စစ်သံမှူးများ လေ့လာရေးအဖွဲ့သည် ပင်းတယရွှေဥမင်စေတီတော်သို့ရောက်ရှိကြပြီး လှည့်လည်ကြည်ညိုကြကာ ဂေါပကအဖွဲ့သို့ အလှူငွေများကို လှူဒါန်းကြသည်။

ယင်းနောက် စစ်သံမှူးများ လေ့လာရေးအဖွဲ့သည် အေးသာယာဂေါက်ကွင်းရှိ Adin Hotelသို့ ညနေပိုင်းတွင် ရောက်ရှိကြသည်။

ညပိုင်းတွင် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်ဇနီးတို့က စစ်သံမှူးများ လေ့လာရေးအဖွဲ့အား အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ ယင်းဂုဏ်ပြုညစာစားပွဲတွင် ရှမ်းရိုးရာယဉ်ကျေးမှုအဖွဲ့က ရိုးရာတေးသီချင်းများ၊ အကများဖြင့် ဖျော်ဖြေကြသည်။

ယင်းနောက် စစ်သံမှူးများနာယကက ရှမ်းရိုးရာယဉ်ကျေးမှု အဖွဲ့အား ဂုဏ်ပြုပန်းခြင်းပေးအပ်ပြီး တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က စစ်သံမှူးများ လေ့လာရေးအဖွဲ့အား တစ်ဦးချင်းအမှတ်တရလက်ဆောင်များကို ပေးအပ်ပြီး ဓာတ်ပုံရိုက်ကြသည်။ **(အပေါ်ပုံ)**

မတ် ၁၀ ရက် မွန်းလွဲပိုင်းတွင် စစ်သံမှူးများ လေ့လာရေးအဖွဲ့သည် တောင်ကြီးမြို့ရှိ ရွှေဘုန်းပွင့်ဘုရားသို့ သွားရောက်ကြည်ညိုကြပြီး ရင်ပြင်တော်ပေါ်မှ တောင်ကြီးမြို့ရှုခင်းကို ကြည့်ရှုကြကာ အမှတ်တရဓာတ်ပုံရိုက်ကြသည်။

ထို့နောက် စစ်သံမှူးများလေ့လာရေးအဖွဲ့သည် တောင်ကြီးမြို့ မြို့မဈေးကြီးသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ စစ်သံမှူးများလေ့လာရေးအဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဟဲဟိုးလေဆိပ်သို့ မွန်းလွဲ၂နာရီ ၃၅ မိနစ်တွင် ရောက်ရှိကြရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်နှင့်ဇနီး ဒေါ်ဝင်းဝင်းနု၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာပုဂ္ဂိုလ်များက နှုတ်ဆက်ကြပြီး စစ်သံမှူးများလေ့လာရေးအဖွဲ့သည်တပ်မတော်အထူးလေယာဉ်များဖြင့် ထွက်ခွာလာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့် ၎င်းတို့၏ဇနီးများ၊ မိသားစုများ လေ့လာရေးအဖွဲ့အား ဟဲဟိုးလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တိုက်ဂါး–မြန်မာ အပျော်တမ်းတံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထနေ့ ၁၈ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မတ် ၁၀

မြန်မာနိုင်ငံဂေါက်သီးရိုက် အဖွဲ့ချုပ်ကကြီးမှူး၍ ၂၀၀၅ခုနှစ် တိုက်ဂါး–မြန်မာ အပျော်တမ်းတံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ စတုတ္ထနေ့ ၁၈ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ဒဂုံကုန်းရှိ ရန်ကုန်ဂေါက်ကလပ်၌ ဆက်လက်ကျင်းပသည်။

စတုတ္ထနေ့၁၈ ကျင်းပြိုင်ပွဲ အပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယဗိုလ်မှူးကြီး မောင်မောင်စိန် (ငြိမ်း) (Deputy General မန်နေဂျာ၊ Myanmar Brewery Ltd.) က နေ့အလိုက် အကောင်းဆုံး ရိုက်ချက်ဆု (Daily Best) ရရှိကြသော ဂေါက်သီးရိုက် အားကစားသမားများအား လည်းကောင်း၊ Mr. Victor Seah (Commercial မန်နေဂျာ၊ Myanmar Brewery Ltd.)က ဒသမရရှိသော ဘိုဘို၊ နဝမရရှိသော မြတ်ထွဋ်၊ အဋ္ဌမရရှိသော နိုင်နိုင်လင်းတို့အားလည်းကောင်း၊ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်က သတ္တမရရှိသော အောင်ဝင်း(မုံရွာ)၊ ဆဋ္ဌမရရှိသော နေလင်းထွန်း၊ ပဉ္စမရရှိသော နေဗလဝင်းမြင့်နှင့် စတုတ္ထရရှိသော ကျော်လှိုင်တို့အား လည်းကောင်း၊ Mr. David Teng(General မန်နေဂျာ၊ Myanmar Brewery Ltd.)က စုစုပေါင်း ၃၀၃ ချက်ဖြင့် တတိယရရှိသော သန်းဇော်နှင့် စုစုပေါင်းအချက် ၃၀၀ဖြင့် ဒုတိယရရှိသော ဇော်ဇင်ဝင်းတို့အားလည်းကောင်း ဆုများကို ချီးမြှင့်သည်။

Myanmar PGA နှင့် မြန်မာနိုင်ငံဂေါက်သီးရိုက် အဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင် (ငြိမ်း)က ၂၀၀၅ ခုနှစ် တိုက်ဂါး–မြန်မာ အပျော်တမ်း တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပထမရရှိသော သိန်းဇော်မြင့်အား တံခွန်စိုက်ဆုဖလား ချီးမြှင့်စဉ်။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

ဆုဖလားချီးမြှင့်

ဆက်လက်၍ Myanmar PGA နှင့်မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က စုစုပေါင်း ၂၉၉ချက်ဖြင့် ပထမရရှိသော သိန်းဇော်မြင့်အား တံခွန်စိုက်ဆုဖလားကို ချီးမြှင့်သည်။

ယင်းနောက် Mr. Victor Seah (Commercial မန်နေဂျာ Myanmar Brewery Ltd.)က Myanmar PGA နှင့်မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်ကို လည်းကောင်း၊ Mr.David Teng (General မန်နေဂျာ၊ Myanmar Brewery Ltd.) က ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီးအား လည်းကောင်း အမှတ်တရဂုဏ်ပြုလက်ဆောင်ကို ပေးအပ်သည်။

ဆက်လက်၍ Mr. Victor Seah (Commercial မန်နေဂျာ၊ Myanmar Brewery Ltd.) က ရန်ကုန်ဂေါက်ကလပ်သို့ အမှတ်တရလက်ဆောင်ကို ပေးအပ်ရာ ရန်ကုန်ဂေါက်ကလပ်အတွင်းရေးမှူး ဦးအေးချိုက လက်ခံသည်။

ယှဉ်ပြိုင်ခွင့်လက်မှတ်ပေး

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံသံအမတ်ကြီးက ၂၀၀၅ ခုနှစ် တိုက်ဂါး–မြန်မာ အပျော်တမ်းတံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပထမရရှိသော သိန်းဇော်မြင့်အား ၂၀၀၅ခုနှစ် ဧပြီလတွင် ထိုင်းနိုင်ငံ Phuket မြို့၌ကျင်းပသည့် ကမ္ဘာ့အဆင့်ဂေါက်သီးရိုက်အားကစားသမားများပါဝင်သည့် Tiger Skin Pro-Am ပြိုင်ပွဲအတွက် စရိတ်ငြိမ်းပါဝင်ယှဉ်ပြိုင်ခွင့် လက်မှတ်ကို ပေးအပ်သည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

ကြိုဆိုနှုတ်ဆက်

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်း၊ မြစ်ကြီးနားလေတပ်စခန်း ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးဇော်ထွန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများကမြစ်ကြီးနားလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

နန်းယွန်းသို့ရောက်ရှိ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် တာဝန်ရှိသူများလိုက်ပါလျက် မွန်းလွဲ ၂ နာရီတွင် မြစ်ကြီးနားမြို့မှ ရဟတ်ယာဉ်ဖြင့်ထွက်ခွာကြရာ မြစ်ကြီးနားခရိုင် တနိုင်းမြို့၌ ခေတ္တရပ်နားပြီး ဆက်လက်ထွက်ခွာကြရာ စစ်ကိုင်းတိုင်း ခန္တီးခရိုင် နန်းယွန်းမြို့သို့ ညနေ ၃ နာရီ ၄၅ မိနစ်တွင် ရောက်ရှိကြသည်။

ဆွေးနွေးမှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ညနေ ၄ နာရီတွင် နန်းယွန်းမြို့ ဗန္ဓုလခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးမှာကြားပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာများအတွက် အလှူငွေနှင့်ပစ္စည်းများကို ပေးအပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် နန်းယွန်းမြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာများအတွက် အလှူငွေနှင့် ပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က နန်းယွန်းမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ကွန်ပျူတာတစ်စုံကို ပေးအပ်လှူဒါန်းရာ တာဝန်ခံကျောင်းအုပ်ကြီး ဦးရောင်ရန်းက လက်ခံသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က နန်းယွန်းမြို့နယ်အတွက် အနွေးထည်များကို ပေးအပ်လှူဒါန်းရာ အထက်တန်းပြဆရာမ ဒေါ်မော်မော်အေးက လက်ခံသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က နန်းယွန်းမြို့နယ်အတွက် အပ်ချုပ်စက် ငါးလုံးကို ပေးအပ်လှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးအေးလွင်က လက်ခံသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေက နန်းယွန်းမြို့နယ်၏ ပညာရေး၊ကျန်းမာရေး၊လူမှုရေးဆိုင်ရာများ အတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်လှူဒါန်းရာ နန်းယွန်းမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ကွန်ပျူတာနှစ်စုံကို တာဝန်ခံကျောင်းအုပ်ကြီး ဦးရောင်ရန်းက လည်းကောင်း၊ မြို့နယ်ပြည်သူ့ဆေးရုံအတွက် လက်နှိပ်စက်တစ်လုံးကို မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသိန်းဝင်းကလည်းကောင်း၊ ငွမ်းစောင်အထည် ၁၅၀ ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးအေးလွင်ကလည်းကောင်း၊ နန်းယွန်းမြို့နယ် ရက်ကန်းစင်အတွက်ချည်ထုတ်အထည် ၅၀၀စာနှင့် ပိတ်လိပ် အလိပ်၄၀ တို့ကို ဒေသခံ ဦးကျော်သန်းကလည်းကောင်း၊ မျက်နှာသုတ်ပဝါအထည် ၁၅၀ ကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ကြူးကလည်းကောင်း အသီးသီးလက်ခံကြသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ရန်ကုန်ကွန်ပျူတာတက္ကသိုလ် သုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၁၀

ကွန်ပျူတာတက္ကသိုလ်များကို နိုင်ငံတကာအဆင့်မီ တက္ကသိုလ်များဖြစ်မြောက်လာစေရန်နှင့် နိုင်ငံတကာအဆင့်မီ ကွန်ပျူတာပညာရှင်များမွေးထုတ်ရန်၊ ကွန်ပျူတာပါရဂူဘွဲ့ကျမ်းပြုစုရာတွင် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ဖြစ်စေရန်နှင့် နိုင်ငံတကာအဆင့် ပါရဂူဘွဲ့သင်တန်းများတွင် မိမိတို့ပြုလုပ်ထားသော သုတေသနလုပ်ငန်းများကို အပြည်ပြည်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲကျင်းပပြီး အသိပေးဖတ်ကြားရန်ဟူသည့် ရည်ရွယ်ချက်တို့ဖြင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ရန်ကုန်ကွန်ပျူတာတက္ကသိုလ်က ကြီးမှူးကျင်းပသည့် The Third International conference on Computer Applications (ICCA-2005) သုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ Sedona Hotel ၌ ကျင်းပရာ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဝန်ကြီး၏ကိုယ်စား ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်းတက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် နီးနွယ်နေသော ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ရန်ကုန်ကွန်ပျူတာတက္ကသိုလ်နှင့် မန္တလေးကွန်ပျူတာတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ဂျပန်နိုင်ငံ၊ကိုရီးယားသမ္မတနိုင်ငံ၊ စင်္ကာပူသမ္မတနိုင်ငံ၊ ဩစတြေးလျနိုင်ငံနှင့် ထိုင်းနိုင်ငံ တက္ကသိုလ်များမှ ပါမောက္ခများ၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်နှင့် ကိုရီးယားသမ္မတနိုင်ငံ၊ စင်္ကာပူသမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ၊ ထိုင်ဝမ်၊ မလေးရှားနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ကွန်ပျူတာပါရဂူဘွဲ့ (Computer Ph.D) ကျောင်းသား ကျောင်းသူများနှင့် စာတမ်းရှင်များ၊ ဆရာ ဆရာမများနှင့် ကွန်ပျူတာ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အဖွင့်အမှာစကား

ရှေးဦးစွာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာပိုက်တင်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရှင်းလင်းပြောကြား

ယင်းနောက် ဆွေးနွေးပွဲကို ကျင်းပရာ ကိုရီးယားသမ္မတနိုင်ငံ Hankok Aviation University Korea မှ Dr.Park Jong Sou က Radio Frequency Idenification/ Ubiquitous Sensor Network အကြောင်းကိုလည်းကောင်း၊ ဂျပန်နိုင်ငံ Tokyo University of Information Science မှ Professor, Akihiro Tamaki က Software Process Improvement အကြောင်းကိုလည်းကောင်း Power Point ဖြင့် ရှင်းလင်းပြောကြားပြီး ဆွေးနွေးပွဲကို ရပ်နားလိုက်သည်။

ဖတ်ကြားဆွေးနွေး

ထို့နောက် မွန်းလွဲ ၁ နာရီတွင် ကွန်ပျူတာပါရဂူအဆင့် သုတေသနစာတမ်းဖတ်ပွဲများကို Sedona Hotel ရှိ မင်းတုန်းခန်းမ၊ အခန်းအမှတ်(၁) (၂) (၃)နှင့် အလုံခန်းမ၊ ဒဂုံခန်းမတို့၌ ဆက်လက်ကျင်းပရာ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ရန်ကုန်နည်းပညာတက္ကသိုလ်(IT)၊ မန္တလေးနည်းပညာတက္ကသိုလ် (Maths) နှင့် ပြည်ပနိုင်ငံများမှ ကွန်ပျူတာပါရဂူဘွဲ့ ကျောင်းသား ကျောင်းသူများက Software Engineering, Parallel and Distributed computing, Network and Computational Analysis, Web Engineering နှင့် Image Processing ဘာသာရပ်ဆိုင်ရာ စာတမ်းများကို ဖတ်ကြားဆွေးနွေးကြသည်။

ပါဝင်တက်ရောက်

အဆိုပါ ကွန်ပျူတာပါရဂူအဆင့် သုတေသနစာတမ်းဖတ်ပွဲတွင် ပြည်ပတက္ကသိုလ်များက စာတမ်းပေါင်း ၂၁ စောင်နှင့် မြန်မာနိုင်ငံသိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက်ရှိတက္ကသိုလ်များက စာတမ်းပေါင်း အစောင် ၈၀ တို့ကို တင်သွင်းဖတ်ကြားကြမည်ဖြစ်ပြီး ပြည်ပနိုင်ငံများမှ ပါမောက္ခများနှင့် Ph.D ကျောင်းသား ကျောင်းသူများကလည်း ပါဝင် တက်ရောက်ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ရန်အောင်မြင်ဓမ္မာရုံတရားပွဲ

ရန်ကုန် မတ် ၁၀

ရန်ကုန်တိုင်း သာကေတမြို့နယ် (၂/တောင်)ရပ်ကွက် ရန်အောင်မြင်ဓမ္မာရုံကြီးတွင် နှစ်စဉ်နှစ်တိုင်း ကျင်းပပူဇော်မြဲဖြစ်သော ဓမ္မဒါနတရားပွဲကို ရန်အောင်မြင် အကျိုးတော်ဆောင်များ ဦးစီးပြီး ၁၃၆၆ခုနှစ် တပေါင်းလပြည့်ကျော် ၂ရက်မှ လပြည့်ကျော် ၆ရက်အထိ ကျင်းပပူဇော်မည်ဖြစ်သည်။

ယင်းဓမ္မပူဇော်ပွဲတွင် မတ် ၂၆ရက်နှင့် ၂၇ရက်၌ ကိုးဘွဲ့ရရွှေဟင်္သာ အရှင်အာစာရလင်္ကာရ၊ ၂၈ရက်တွင် ဆင် ဖြူတောင်ဆရာတော် ဓမ္မာစရိယ ဘဒ္ဒန္တဂုဏိန္ဒ၊၂၉ရက်တွင် ဒီဃနိကာယကောဝိဒ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အာဒိစ္စ ပါဠိကာရီဆရာတော်၊ ၃၀ရက်တွင် မဟာစည်နယ်လှည့် ဓမ္မကထိက ဒေါက်တာ မဏ္ဍိမဂုဏ်ရည်ဆရာတော်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဟု သိရသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၁၁-၃-၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင်မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရုအဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တ သာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅။	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၅။	ကြေးမုံရိပ်သွင်တေးနုယဉ်
၈း၁၀	၆။	စလင်းရေလှောင်တမံ
၈း၃၀	၇။	International News
၈း၄၅	၈။	English for Everyday Use

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	Practice in Reading
၁၆း၄၀	၄။	တေးဂီတအစီအစဉ်
၁၆း၅၀	၅။	တပ်မတော်နေ့ ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ဆုရတေးများ (၂၀၀၃ ခုနှစ်)
၁၇း၀၀	၆။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၁၇း၁၅	၇။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၃၀	၈။	နည်းစနစ်မှန်မှန် အားကစားအခြေခံ
၁၇း၄၀	၉။	မြန်မာစာ၊ မြန်မာစကား
၁၇း၅၅	၁၀။	နှောင်းခေတ်တေးပဒေသာ
၁၈း၀၅	၁၁။	Discovery
၁၈း၁၅	၁၂။	နှစ်(၆၀) ပြည့်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၈း၃၀	၁၃။	ညနေခင်းသတင်း
၁၉း၀၀	၁၄။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သောညီမ"**(အပိုင်း-၁၄)
၁၉း၃၅	၁၆။	မအူပင်စက္ကူစက်ရုံ
၁၉း၄၅	၁၇။	အမျိုးသား ညီလာခံဂုဏ်ပြုတေး
၂၀း၀၀	၁၈။	ပြည်တွင်းသတင်း
	၁၉။	နိုင်ငံတကာသတင်းများ
	၂၀။	မိုးလေဝသအခြေအနေ
	၂၁။	မြန်မာဗီဒီယိုဇာတ်လမ်း **'မဆိုရက်လို့ ငိုတဲ့မျက်ရည်'** (အပိုင်း-၂) (နိုင်းနိုင်း၊ ထွန်းအိန္ဒြာဗို၊ လှအဥ္စတင့်) ဒါရိုက်တာ-မောင်မောင်ဦး (စန္ဒီးပိုက်)

မလေးရှား-မြန်မာစီးပွားရေးအခွင့်အလမ်းများဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် မတ် ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းအား မတ် ၈ ရက်တွင် မလေးရှားနိုင်ငံ Malaysia External Trade Development Corporation (MATRADE) မှ Mr. M. T. Rajah, (Trade Commissioner) သည် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံပြီး မတ်၁၄ ရက်တွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ မလေးရှား-မြန်မာစီးပွားရေး အခွင့်အလမ်းများဆိုင်ရာ ဆွေးနွေးပွဲကျင်းပမည့်ကိစ္စ၊ ယင်းဆွေးနွေးပွဲနှင့် တစ်ဦးချင်းစီးပွားရေး လုပ်ငန်းဆွေးနွေးခြင်းသို့ တက်ရောက်လိုသော မြန်မာစီးပွားရေးလုပ်ငန်းရှင်များအား ဖိတ်ကြားရန်ကိစ္စတို့ကို ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ တက်ရောက်လိုသော မြန်မာစီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် မြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ်ရုံး၊ မလေးရှားသံရုံးနှင့်ဆီဒိုးနားဟိုတယ်ရှိ MATRADE ရုံးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လက်ဆောင်ပစ္စည်း

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်သာအေးက နန်းယွန်းမြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာများအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်လှူဒါန်းရာ နန်းယွန်းမြို့ အခြေခံပညာ အထက်တန်းကျောင်းအတွက် ကွန်ပျူတာတစ်စုံနှင့် ဗလာစာအုပ်ဒါဇင်၆၅၀ကို တာဝန်ခံကျောင်းအုပ်ကြီး ဦးရောင်ရန်းကလည်းကောင်း၊ မြို့နယ်အတွက် တီဗွီစလောင်းတစ်စုံနှင့် မြို့နယ်ပညာရေး ငွေပဒေသာပင်အတွက် ငွေကျပ်ငါးသိန်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးအေးလွင်က လည်းကောင်း၊ မြို့နယ် ကျန်းမာရေး ငွေပဒေသာပင်အတွက် ငွေကျပ်ငါးသိန်းကို မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသိန်းဝင်းကလည်းကောင်း၊ မြို့နယ်ဘာသာ သာသနာရေးအတွက် ဘုရားအဆူ ၅၀ နှင့် သင်္ကန်း ငါးစုံကို လည်းကောင်း၊ လုံချည်အထည် ၅၀၊ အင်္ကျီကိုက် ၈၀ နှင့် အားကစားပစ္စည်းများ၊ ကွမ်းပါဘူး ၄၀ နှင့် ဗမာ ဆေးမျိုးစုံ ၁၀၀ တို့ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးအေးလွင်က လည်းကောင်း၊ ကချင်ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့မှ ပေးအပ်သည့် လုံချည်နှင့်ထမီ ၁၅၀ စီ၊ အနွေးထည်အင်္ကျီအထည် ၁၁၀၀ နှင့် အပ်ချုပ်စက်သုံးလုံးတို့ကို လည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က လှူဒါန်းသည့် အလှူငွေကျပ်တစ်သိန်းနှင့် ကချင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့က ပေးအပ်လှူဒါန်းသည့် အလှူငွေကျပ်တစ်သိန်းတို့ကို လည်းကောင်း ပြည်နယ်ဆရာဝန်ကြီး ဒေါက်တာမောင်မောင်အေး၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့မှ တာဝန်ရှိသူများက လက်ခံကြသည်။

ပူးပေါင်းကြိုးပမ်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာတွင် နန်းယွန်းဒေသသည် ဝေးလံသည့် ဒေသတစ်ခုဖြစ်သော်လည်း နိုင်ငံတော်အကြီးအကဲက ဖွံ့ဖြိုးတိုးတက်မှု နောက်မကျကျန်ရစ်စေရန် မျက်ခြည်မပြတ် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုအခါ နန်းယွန်းဒေသအပါအဝင် နိုင်ငံတော်တစ်ဝန်းလုံး ငြိမ်းချမ်းမှုကို ရရှိခံစားနေကြရပြီဖြစ်ကြောင်း၊နန်းယွန်းဒေသသည်လည်း ပိုမို ဖွံ့ဖြိုးတိုးတက်လာလျက်ရှိကြောင်း၊ နိုင်ငံတော်၏ စေတနာကို နားလည်သဘောပေါက်ပြီး ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများကလည်း မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်း ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့်လည်း မိမိ တာဝန်ကျရာ ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် ဒေသခံပြည်သူများနှင့် ပူးပေါင်းပြီး စေတနာထား ဆောင်ရွက်ကြရန်လိုကြောင်းဖြင့်ပြောကြားသည်။

ရင်းရင်းနှီးနှီး

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ **(သတင်းစဉ်)**

ဗဟန်းမြို့နယ် အမက(၈)မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၆ရက်က ကျောင်းခန်းမတွင် ကျင်းပရာ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးကျော်က စတုတ္ထတန်း ပညာရည်ချွန်ဆုရ မောင်ကောင်းချမ်းသာမြင့်အား ဆုချီးမြှင့်စဉ်။(က-ပ)

သတ္တုတွင်းဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်အား ဒေဝူးကော်ပိုရေးရှင်းဥက္ကဋ္ဌ တွေ့ဆုံ

ရန်ကုန် မတ် ၁၀

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်အား Daewoo Int'l Coporation ဥက္ကဋ္ဌ Mr. Tae Yong Lee နှင့်အဖွဲ့သည် မတ် ၉ ရက် ညနေ ၄နာရီက ရန်ကုန်မြို့ ကံဘဲ့လမ်းရှိ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် သတ္တုတွင်းဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကွမ်းခြံကုန်းမြို့ နာရေးကူညီမှုအသင်းသို့ ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်နေ ဦးမြင့်ဝေ-ဒေါ်လှကြည်တို့ကိုယ်စား ဦးအောင်ထွဋ်က ငွေကျပ်နှစ်သိန်းကို နာရေးကူညီမှုအသင်း ဥက္ကဋ္ဌ ဦးသန်းထွန်းသို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကွမ်းခြံကုန်းမြို့ သုံးခွကျေးရွာနှင့် ပေကုန်းကျေးရွာ ငါးထပ်ကြီးဘုရား ရာပြည့်ဗုဒ္ဓပူဇနီယပွဲတော်

ရန်ကုန် မတ် ၁၀

ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် သုံးခွကျေးရွာ၊ ပေကုန်းကျေးရွာ ဖလန်းကျောင်းတိုက်ဘုဏ်တော်အမြင့် ၂၉ တောင် ၂ မိုက်ရှိ ဘူမိဖဿမုဒြာတင်ပျဉ်ခွေရုပ်ပွားတော် ငါးထပ်ကြီးဘုရား ရာပြည့် ဗုဒ္ဓပူဇနီယပွဲတော်အား နာယကဆရာတော် ဘဒ္ဒန္တပရောဘာသ(တိုင်းဝန်ဆောင်)၊ဂုဏ်ထူးဆောင်နာယက စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီနှင့် နာယကငါးဦး၏ဩဝါဒကို ခံယူလျက် မတ် ၁၆၊ ၁၇၊ ၁၈ရက်များတွင် နံနက် ၅နာရီမှ ညနေ ၅ နာရီအထိ အလှည့်ကျဝတ်အဖွဲ့များမှ အသံမစဲ ဝတ်ရွတ်ပူဇော်ခြင်း၊ ၁၇၊ ၁၈ရက် ညနေ ၇ နာရီတွင် အောင်တော်မူ မဟာစည်သာသနာ့ရိပ်သာကျောက်ပန်းတောင်းဆရာတော်ဦးကုမာရက နိဗ္ဗာန်ရောက်ကြောင်းတရား ဟောကြားခြင်း၊ ၁၉ရက် နံနက် ၅ နာရီမှမွန်းတည့် ၁၂နာရီအထိ ပဋ္ဌာန်းတရားရွတ်ဖတ်ပူဇော်ခြင်း၊ မတ် ၂၀ ရက်နံနက် ၄ နာရီတွင် ဘုရားအနေကဇာတင်ခြင်း၊ ၅ နာရီတွင် ပင့်သံဃာ အပါး၁၀၀ တို့အား အရုဏ်ဆွမ်းနှင့် ၁၀ နာရီတွင် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး ဧည့်ပရိသတ်များအား စတုဒိသာကျွေးမွေး ဒါနပြုခြင်း၊ နံနက် ၁၁နာရီခွဲတွင် ပူဇော်ပွဲစတင်ခြင်းနှင့် အလှူမင်္ဂလာရေစက်ချ တရားနာယူခြင်းအလှူမင်္ဂလာတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဝိဇာတမင်္ဂလာတရားပွဲ

ရန်ကုန် မတ် ၁၀

ရန်ကုန်တိုင်း တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် သာသနာ့ဗေယျမင်္ဂလာ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အရှင်ပညိန္ဒ၏ သက်တော် (၅၆)နှစ်ပြည့် ဝိဇာတမင်္ဂလာဂုဏ်ပူဇာတရားပွဲကို မတ် ၁၃ ရက်(တနင်္ဂနွေနေ့) ညတွင် ဆရာတော် အရှင်အာစာရလင်္ကာရက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်မည်ဟု သိရသည်။ **(၃၅၂)**

မမှိတ်သောမျက်စိ မလပ်သောသတိဖြင့်

ဒေါက်တာနိုး

၂၈-၁၂-၂၀၀၄ရက်နေ့က ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့က မသမာသူအဖျက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် အပြစ်မဲ့ကျောင်းသား၊ ပြည်သူများ သေဆုံးဒဏ်ရာရရှိမှု ဖြစ်စဉ်နှင့် အဆိုပါအဖျက်အမှောင့်လုပ်ရပ်များကို ကြိုးကိုင်လုပ်ဆောင်နေသော ပြည်တွင်း၊ ပြည်ပ အဖျက်သမားအဖွဲ့များ၏ လှုပ်ရှားမှုများအပါအဝင် တရားမဝင်လိုင်စင်မဲ့ မော်တော်ယာဉ်များကိုစွဲ၊ အိန္ဒိယသမုဒ္ဒရာအတွင်း အင်အားပြင်းမြေငလျင်ကြောင့် မြန်မာနိုင်ငံဒေသအချို့တွင် ပျက်စီးဆုံးရှုံးမှုများနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကျင်းပသွားသည်ကို ပြည်သူတစ်ဦးအနေဖြင့် အမှတ်ထင်ထင် သတိပြုလိုက်မိပါသည်။

သတင်းစာရှင်းလင်းပွဲ ရှင်းလင်းတင်ပြချက်များမှ ပြည်တွင်းပြည်ပ အဖျက်သမားများနှင့် စပ်လျဉ်း၍ အောက်ပါကောက်ချက်များကို ဆွဲ၍ရပေမည်-

(၁) ကိုလိုနီနယ်ချဲ့လက်သစ် နိုင်ငံကြီးသည် ၎င်း၏သစ္စာခံတပည့်၊ ပါတီ အာဏာမရသမျှကာလပတ်လုံး ဆက်လက်ဒုက္ခပေးနေမည်။

(၂) ပြည်ပရောက် ဆန့်ကျင်ရေးအဖွဲ့များသည် မြန်မာနိုင်ငံ၏ ပကတိအရှိအဖြစ်မှန်၊ အခြေအနေမှန်ကို ယထာဘူတကျကျ သုံးသပ်နိုင်ခြင်း မရှိ။

(၃) တပ်မတော်အစိုးရက သဘောထားကြီး၍ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးကို လိုလားသလောက်၊ ဆန့်ကျင်ဘက် ဖောက်ပြန်ရေးအဖွဲ့များသည် မြေပေါ်မြေအောက် ပူးညှိသတ်ရေး အတွေးအခေါ်နှင့် လုပ်နည်းလုပ်ဟန်ကို မစွန့်လွှတ်။

(၄) မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး အခြေခံအဆောက်အအုံများကို ဖျက်လိုဖျက်ဆီးပြုလုပ်၍ မြန်မာနိုင်ငံ၏ ဝိသေသအခြေအနေနှင့် အကိုက်ညီဆုံး ကျင့်သုံးလျက်ရှိသော အမျိုးသားညီလာခံကြီးကိုလည်း ပျက်စီးအောင် ကြိုးပမ်းလုပ်ဆောင်နေသည်။

(၅) တစ်ဖက်နိုင်ငံတွင် ပြည်ပြေးများသည် ဒုက္ခသည်များအဖြစ် အသွင်ယူထားပြီး ကမ္ဘာက အာရုံစိုက်လာအောင်၊ ထောက်ပံ့ကြေးများ ရရှိအောင် လက်ဝေခံဘဝဖြင့် မဟုတ်မမှန်သတင်းများကို ထုတ်လွှင့်လျက်ရှိသည်။

(၆) မြန်မာ့နိုင်ငံရေးဘဝတွင် ဇာတ်သိမ်းမကောင်းသော ဗကပနှင့် ပြည်ပြေးတို့၏ သရုပ်ပျက် ကကွက်များအပေါ် သင်ခန်းစာ မယူ တတ်ကြ။

ခြုံငုံတင်ပြရလျှင် ၂၀၀၄ခုနှစ် အောက်တိုဘာလအတွင်းက နိုင်ငံတော်တွင် အပြောင်းအလဲတစ်ရပ် ဖြစ်သွားသည်ကို ပြည်တွင်း၊ပြည်ပရှိ မြေပေါ်မြေအောက် အဖျက်အမှောင့်သမားများက အခွင့်ကောင်းတစ်ရပ်၊ အခြေအနေတစ်ရပ်၏ အလှည့်အပြောင်း၊ ၎င်းတို့အား အခွင့်အလမ်းသင့်စေမည့် ဖြစ်ပေါ်တိုးတက်မှုဟု တစ်လွဲသုံးသပ်ခဲ့ပြီး ယခုအခါတွင် ငြိမ်းခါနီးထတောက်သော ဖယောင်းတိုင်ပမာ တစ်စခန်းထလာသည်ကို ပြည်သူတစ်ရပ်လုံးက လုံခြုံရေး အသိဖြင့် သတိရှိကြဖို့ လိုအပ်ပါသည်။

မိမိသည် ပတ်ဝန်းကျင်ဖြစ်၍ ပတ်ဝန်းကျင် သည်ပင်လျှင် မိမိဖြစ်သည်။ ထူးခြားဖြစ်စဉ် တစ်ရပ်ရပ်ရှိလျှင် တာဝန်ရှိ အဖွဲ့အစည်းများသို့ သတင်းပေးရန် ဝန်မလေးသင့်ပေ။ "ပတ်ဝန်းကျင်ကို ဘာသိဘာသာနေလျှင်၊ ပတ်ဝန်းကျင်၌ မကောင်းမှုဒုစရိုက် ဖြစ်တည်နေပါက မိမိကို ဒုက္ခပေးလိမ့်မည်"ဟူသော သဘောကို အမြဲထားရှိသင့်ပေသည်။

များမကြာမီက **"နယ်စပ်ဒေသများတွင် ဖြစ်ပွားခဲ့သော အခြေအနေကို တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးမှုအရ"**ဟု သက်ဆိုင်ရာက ထည့်သွင်းကြေညာ ပြောဆိုသည်။ အလားတူ သတင်းစာရှင်းလင်းပွဲတွင် **"၂၁-၁၂-၂၀၀၄ ရက်နေ့ဖြစ်စဉ်တွင် လုံခြုံရေးအသိရှိသူ တာဝန်သိပြည်သူ (ယာဉ်မောင်း) တစ်ဦး၏ သတင်းပေးမှု"**၏ တန်ဖိုးကို ထည့်သွင်းပြောဆိုသွားပါသည်။

နိုင်ငံတော်အစိုးရ၏ မျက်စိ၊ နားများဖြစ်ကြသည့် လုံခြုံရေးအဖွဲ့အစည်းများသည် ၎င်းတို့၏ ကြီးမားသော ပင်မတာဝန်များ ဇေယျာကွက်ပြည့်ခိုင်ခံ့နိုင်ရန်အတွက် ပြည်သူများ၏ ပူးပေါင်းပံ့ပိုးမှု လိုအပ်ပါသည်။

တာဝန်သိ ပြည်သူအပေါင်းသည် နိုင်ငံတော်၏ အင်အားများပင်ဖြစ်ပါ၏။ ၎င်းအင်အားတို့သည် နေရာမလပ်၊ အခါမလပ်တွင် ရှိနေကြသည်ဖြစ်ရာ နိုင်ငံတော်အတွက် ထိုက်တန်သောသတင်းများကို အချိန်မီ တာဝန်ရှိ အဖွဲ့အစည်းများသို့ ပေးပို့ခြင်းဖြင့် မိမိကိုယ်ကို မိမိစောင့်ရှောက်ရာမည်၏။ ပတ်ဝန်းကျင် လူ့အဆောက်အအုံကိုလည်း စောင့်ရှောက်ရာမည်ပေသည်။

ယနေ့အခါ နိုင်ငံတော်အစိုးရသည် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း ၁၇ ဖွဲ့နှင့် ငြိမ်းချမ်းရေး တည်ဆောက်နိုင်ခဲ့ပြီဖြစ်သည်။ ယင်းအဖွဲ့ ၁၇ဖွဲ့သည် တပ်မတော်နှင့် တစ်စိတ်တစ်ဝမ်းတည်း အမျိုးသားရေးကို ရှေ့တန်းတင် ဆောင်ရွက်နေပြီဖြစ်ရာ ပြည်ပရောက် ပြည်ပြေးတို့၏ ပုဆိုးခြုံထဲက လက်သီးပြ၊ လက်သီးပုန်း ထိုးနေသည်များကို ဂရုစိုက်စရာမလိုချေ။ သို့သော် ပြည်ပြေးတို့နောက်ကွယ်တွင် ပြည်ပက နဖားကြိုးထိုးထားသည်ကိုမူ သတိထားရမည်ဖြစ်၏။ သဘောမှာ အထင်ကြီးရန်မလိုသော်လည်း သတိလစ်၍တော့မရပေ။ ထို့ကြောင့် အခါမလပ် မျက်စိကိုဖွင့် နားကိုစွင့်၍ ထားရှိကြရမည်။

သတင်းစာရှင်းလင်းပွဲတွင် **"ပြည်တွင်း၊ ပြည်ပမှ မသမာသူ အဖျက်သမား အဖွဲ့အသီးသီးသည် နိုင်ငံတော်မတည်မငြိမ်ဖြစ်စေရန်နှင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေရန်အတွက် အဖျက်အမှောင့်လုပ်ငန်းများကို ပြည်ပအသံလွှင့်ဌာနများကို အသုံးချ၍ လည်းကောင်း၊ လှုံ့ဆော်စာများ ရေးသားဖြန့်ဝေ၍ လည်းကောင်း၊ Internet Website များမှ လည်းကောင်း၊ သွေးထိုးလှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ မမှန်သတင်းများ ထုတ်လွှင့်ခြင်းတို့ကို တစိုက်မတ်မတ် ဆောင်ရွက်နိုင်ရေးအတွက် အကြမ်းဖက်အဖွဲ့အစည်းများကို အားပေးအားမြှောက်ပြုပြီးဆောင်ရွက်လာသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံတော်အနေဖြင့် လုံခြုံရေးအစီအစဉ်များကို ပိုမိုအလေးထား ဆောင်ရွက်ခဲ့သည့်အတွက် အချို့သော အဖျက်အမှောင့်လုပ်ငန်းများကို ကြိုတင်တားဆီး ကာကွယ်နိုင်ပြီး အချို့ အဖျက်အမှောင့်ဖြစ်စဉ်များ ဖြစ်ပွားခဲ့ကြောင်း၊ ထို့အပြင် ပြည်တွင်းရှိ အချို့သော နိုင်ငံရေးပါတီများအနေဖြင့် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးစသည့် စကားလုံးများသုံးနေသော်လည်း အကြမ်းဖက်အဖွဲ့ များဖြစ်သည့် NCGUB၊ ABSDF၊ ဘိန်းမှောင်ခိုအကြမ်းဖက်သောင်းကျန်းသူ ရှက်ဆစ်အဖွဲ့၊ နယ်စပ်ဒေသရှိ အခြားအဖျက်သမားအဖွဲ့များနှင့် ဆက်စပ်ပတ်သက်မှုများ၊ ဆက်သွယ်ဆက်ဆံမှုများနှင့် ပူးပေါင်းလုပ်ဆောင်မှုများ ရှိနေသည့် သတင်းများကိုလည်း ရရှိထားပါကြောင်း"**စသည်ဖြင့် ပြည်သူများ သိရှိနိုင်အောင် ရှင်းလင်းတင်ပြသွားပါသည်။

လောကတွင် အမှန်နှင့်အမှား၊ အပြုနှင့်အဖျက်ဟူ၍ ရှိမြဲဓမ္မတာဖြစ်ပေသည်။ နိုင်ငံတော်တွင် အဖျက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များ ယခင် ပြည်ပြေးလက်ဟောင်းကြီးများ၏ ကာလကလည်း ရှိခဲ့ဖူးသည်။ ထိုစဉ်က အဖျက်အန္တရာယ် ရန်စွယ်များ မကျရောက်အောင် ပြည်သူများနှင့် သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူများ ပူးပေါင်းလက်တွဲ တားဆီးကာကွယ်နိုင်ခဲ့ကြသည်။ ယခု ပြည်ပြေးလက်သစ်များ ကာလ၌လည်း အဖျက်သမားတို့၏ လမ်းကြောင်းအတိုင်း နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများနှင့် ပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်များ ထိခိုက်ပျက်စီးအောင် ဘယ်သူသေသေ ငတေမာရင်ပြီးရော သဘောဖြင့် အလစ်အငိုက်ယူ၍ လုပ်ဆောင်လျက်ရှိကြောင်း အားလုံးအသိပင် ဖြစ်သည်။

သို့ဖြစ်ရာ အကြမ်းဖက် အဖျက်သမားများ၏ သွေးထိုးလှုံ့ဆော်မှုနှင့် အဖျက်လုပ်ရပ်များကို **မမှိတ်သောမျက်စိ၊ မလပ်သောသတိဖြင့်** သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူများနှင့် ပူးပေါင်းလက်တွဲ ကာကွယ်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

တာဝန်သိ ပြည်သူအပေါင်းသည် နိုင်ငံတော်၏အင်အားများပင်ဖြစ်ပါ၏။ ၎င်းအင်အားတို့သည် နေရာမလပ်၊ အခါမလပ်တွင် ရှိနေကြသည်ဖြစ်ရာ နိုင်ငံတော်အတွက် ထိုက်တန်သော သတင်းများကို အချိန်မီ တာဝန်ရှိအဖွဲ့ အစည်းများသို့ ပေးပို့ခြင်းဖြင့် မိမိကိုယ်ကို မိမိစောင့်ရှောက်ရာမည်၏။ ပတ်ဝန်းကျင် လူ့အဆောက်အအုံကိုလည်း စောင့်ရှောက်ရာမည်ပေသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်္ဃန်းကျွန်းမြို့နယ် (င/ခ) ရပ်ကွက် နဝဒေး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ၂၆ ရက်က ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစောသိန်းနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်လှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖို့၊ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၅ ခုနှစ် မတ်လ ၈ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်(၁၃၆၀၉)တိုက် ဖွင့်လှစ်ပြီး ဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းနိုင်သည့် ဥပဒေပြုစာရင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များက ပြဋ္ဌာန်းနိုင်သည့် ဥပဒေပြုစာရင်းဟူ၍ ခွဲခြားသတ်မှတ်ထားမည်

● ရှေ့ဖုံးမှ

ထို့ကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေပြုရန် လိုအပ်ပါကရှေးဦးစွာ ဥပဒေကြမ်းကို ရေးဆွဲရပါမည်။ ဥပဒေကြမ်း ရေးဆွဲပြီးပါက အကျိုးအကြောင်းပြည့်စုံစွာ ဖော်ပြလျက် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်ပြရပါမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဆွေးနွေးပြီး သဘောတူညီကြောင်း ဆုံးဖြတ်မှသာ ဥပဒေအဖြစ် ပြဋ္ဌာန်းရမှာ ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ စွမ်းအင်၊ လျှပ်စစ်၊သတ္တုနှင့် သစ်တောကဏ္ဍ၊စက်မှုလက်မှုကဏ္ဍ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ စီမံခန့်ခွဲရေး ကဏ္ဍဟူ၍ ခွဲခြားဖော်ပြထားကြောင်း၊ ကဏ္ဍတစ်ခုချင်းအလိုက် အသေးစိတ် ကိစ္စရပ်များကိုလည်းကောင်း၊ အသေးစိတ် ကိစ္စရပ်များတွင် စည်းကြပ်ကောက်ခံခွင့်ရှိသည့် အခွန်အကောက်အမျိုးအစားများကိုလည်းကောင်း ဖော်ပြထားကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အနေဖြင့် ကဏ္ဍအလိုက် ဖော်ပြပါရှိသည့် ကိစ္စရပ်များ၊ စည်းကြပ်ကောက်ခံခွင့်ရှိသည့် အခွန်အကောက်အမျိုးအစားနှင့် သက်ဆိုင်သည့် ဥပဒေကြမ်းများ ရေးဆွဲလျက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်ပြခွင့်ရှိကြောင်း၊ ဤသို့ တင်ပြကြသည့် အခါ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင်များ အနေဖြင့် မိမိတို့နှင့်ဆိုင်ရာ ဥပဒေကြမ်းများကို မိမိတို့ အစိုးရကိုယ်စား သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ ရှင်းလင်း တင်ပြကြရမှာ ဖြစ်ကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ပါရှိသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခါအားလျော်စွာ လိုအပ်သည့် ဥပဒေများ ရေးဆွဲတင်ပြသည့် တာဝန်အပြင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များက ပြဋ္ဌာန်းပေးထားသည့် ဥပဒေများအနက် ပြောင်းလဲလာသည့် အခြေအနေနှင့်ဆီလျော်မှု မရှိသည့် ဥပဒေများ၊ ဆက်လက်ကျင့်သုံးရန် မလိုအပ်တော့သည့် ဥပဒေများကို စိစစ်မှုများပြုလုပ်ပြီး ပြင်ဆင်ချက် ဥပဒေကြမ်းများ၊ ဥပဒေများရုပ်သိမ်းသည့် ဥပဒေကြမ်းများကို လိုအပ်သလို ရေးဆွဲတင်ပြသည့် တာဝန်လည်း ရှိလာမှာဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဥပဒေပြုရန် လိုအပ်သည့် ကိစ္စရပ်များအတွက် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရသည် မိမိနှင့်ဆိုင်ရာ ဥပဒေကြမ်းများ ရေးဆွဲတင်ပြခြင်း တာဝန်ကိုလည်း ဆောင်ရွက်ရမှာဖြစ်ကြောင်း။

ထို့ကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ ဥပဒေကြမ်းများ ရေးဆွဲတင်ပြခွင့်နှင့်စပ်လျဉ်းပြီး-

"တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လိုအပ်သည့် ဥပဒေကြမ်းကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းနိုင်သည်"

ဟူ၍ အသေးစိတ် အခြေခံရမည့်မူ ချမှတ်ရန် သင့်မသင့်ဆွေးနွေး အကြံပြုကြရန် ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ် ဝန်ကြီးဌာနများနှင့် ယင်းတို့၏ လက်အောက်ခံအစိုးရဌာန၊ အဖွဲ့အစည်းများက လုပ်ငန်းတာဝန်များ ဆောင်ရွက်ကြရာတွင် ဥပဒေနှင့်အညီဖြစ်စေရေးအတွက် စီမံခန့်ခွဲခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းတာဝန်နှင့် လုပ်ပိုင်ခွင့်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအား အပ်နှင်းထားရန်လိုအပ်ပါကြောင်း၊ ယင်းကိစ္စနှင့် စပ်လျဉ်း၍ လုပ်ငန်းကော်မတီ၏ စိစစ်လေ့လာချက်များကို ဆက်လက်ပြီး ရှင်းလင်းတင်ပြမှာ ဖြစ်ကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များတွင် မြစ်ဖျားခံကြောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပြဋ္ဌာန်းလာမည့် ဥပဒေများအရလည်းကောင်း၊ ပြည်ထောင်စုဥပဒေပြုစာရင်းပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းလာမည့် ဥပဒေများအရလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြု စာရင်းပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းလာမည့် ဥပဒေများအရ လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအနေဖြင့် တာဝန်ယူ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးဌာန တစ်ခုချင်းအလိုက် တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်း တာဝန်များ ရှိလာမှာဖြစ်ကြောင်း၊ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုပြဋ္ဌာန်းသည့် အချိန်တွင် တည်ဆဲဥပဒေများအရ ပေးအပ်ထားသည့် လုပ်ငန်းများကိုလည်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရနှင့်ဝန်ကြီးဌာနအသီးသီးသည် မိမိတို့နှင့်သက်ဆိုင်သမျှ ဆက်ခံတာဝန်ယူဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအနေဖြင့် မိမိလက်အောက်ရှိ ဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်မှုများ ဖြစ်စေရန်လည်းကောင်း၊ တည်ဆဲပြည်ထောင်စုဥပဒေနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်မှုများ ဖြစ်စေရန်လည်းကောင်း စဉ်ဆက်မပြတ် ကြီးကြပ်မှုပြုနေရမှာဖြစ်ကြောင်း၊ လိုအပ်လျှင် လမ်းညွှန်မှုပြုနေရမှာဖြစ်ကြောင်း၊ ဤသို့ကြီးကြပ်မှုနှင့် လမ်းညွှန်မှု များပြုလုပ်နိုင်ရန် ဝန်ကြီးဌာနများနှင့် ယင်းတို့၏ လက်အောက်ခံအစိုးရဌာနများ၊ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ပုံမှန်အစီရင်ခံစာများ၊ အထူးအစီရင်ခံစာများ မှန်မှန်တင်ပြစေခြင်း၊ ကွင်းဆင်းလေ့လာစစ်ဆေးခြင်း တို့ကို ပြုလုပ်နေရန်လိုအပ်ကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအနေဖြင့် မိမိလက်အောက် ဝန်ကြီးဌာန၊ အစိုးရဌာနများ၊ အဖွဲ့အစည်းများက ယင်းတို့အား အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်နှင့်တာဝန်များ ကျင့်သုံးဆောင်ရွက်ကြရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လည်းကောင်း၊ တည်ဆဲဥပဒေများနှင့် ယင်းဥပဒေများအရ ထုတ်ပြန်ထားသည့်နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ လည်းကောင်း ကျင့်သုံးဆောင်ရွက်ခြင်းရှိမရှိ စစ်ဆေးရပါမည်။ အကယ်၍ ကျင့်သုံးဆောင်ရွက်ခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက လိုအပ်သည့် စီမံခန့်ခွဲမှုများ၊ လမ်းညွှန်မှုများပြုလုပ်ရပါမည်။ သို့မှသာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနများ၊ ယင်းတို့၏ လက်အောက်ခံအစိုးရဌာနများ၊ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများသည်လည်းကောင်း၊ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များ ကျင့်သုံးဆောင်ရွက်မှုများသည်လည်းကောင်း ဥပဒေနှင့်အညီ ဖြစ်မှသာ ပြည်ထောင်စုအကျိုး တိုင်းဒေသကြီးနှင့် ပြည်နယ်အကျိုးဖြစ်ထွန်း စေမှာဖြစ်ကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအနေဖြင့် မိမိနယ်မြေဒေသ အတွင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိကြသည့် ပြည်ထောင်စုအစိုးရ၏ နယ်ဘက်ဝန်ထမ်းများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ နယ်ဘက်ဝန်ထမ်းများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့၏ နယ်ဘက်ဝန်ထမ်းများအား ချမှတ်ပေးထားသည့် လုပ်ငန်းများကို အောင်မြင်ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်အတွက် လိုအပ်သလို ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊ ပေါင်းစပ်ညှိနှိုင်း ပေးခြင်းတို့ကို ပြုလုပ်ရန်လိုအပ်မှာဖြစ်ကြောင်း၊ သို့မှသာ ပြည်ထောင်စု၏ အကျိုးကိုရှေးရှုပြီး လုပ်ငန်းတာဝန်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတို့သည် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ကြမှာ ဖြစ်ကြောင်း။

ထို့ကြောင့် အောက်ပါအတိုင်း အသေးစိတ်အခြေခံရမည့်မူ ချမှတ်ရန် သင့်မသင့် ဆွေးနွေးအကြံပြုကြရန် ဖြစ်ပါကြောင်း။

"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနများနှင့် ယင်းတို့၏လက်အောက်အစိုးရဌာနများ၊ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက် မှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီဖြစ်စေရန် လည်းကောင်း၊ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ ဖြစ်စေရန် လည်းကောင်း စီမံခန့်ခွဲခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းပြုရမည်။

(ခ) မိမိတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နယ်ဘက်ဝန်ထမ်းအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကိုလည်း ဥပဒေနှင့်အညီ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်း ပြုနိုင်သည်။"

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအား နယ်ဘက်ဝန်ထမ်း အဖွဲ့အစည်းများ ဖွဲ့စည်းပိုင်ခွင့်၊ ယင်းအဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန် သတ်မှတ်ပိုင်ခွင့်၊ လိုအပ်သည့် ဝန်ထမ်းများ ခန့်အပ်ပိုင်ခွင့်နှင့် သက်ဆိုင်သည့် တာဝန်နှင့် လုပ်ပိုင်ခွင့်အပ်နှင်းရေးနှင့် စပ်လျဉ်းပြီး လုပ်ငန်းကော်မတီ၏ လေ့လာချက်များကို ဆက်လက် တင်ပြသွားမှာဖြစ်ကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ အုပ်ချုပ်မှုအာဏာနှင့် စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ကြောင်း တင်ပြထားသည့်မူမှာ "ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ အုပ်ချုပ်မှုအာဏာသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဥပဒေပြုနိုင်သော ကိစ္စရပ်များသို့ သက်ရောက်ပျံ့နှံ့သည်။ ထို့ပြင် ပြည်ထောင်စုဥပဒေ တစ်ရပ်ရပ် အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအား ဆောင်ရွက်ခွင့်ပြုသည့် ကိစ္စရပ်များသို့လည်း သက်ရောက်ပျံ့နှံ့သည်"ဟူ၍ ဖြစ်ကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအတည် ဖြစ်သည့် အချိန်တွင် အာဏာ သက်ရောက်လျက်ရှိနေသည့် ဥပဒေများအရလည်းကောင်း၊ ပြည်ထောင်စုဥပဒေတစ်ရပ်ရပ်အရလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေများအရလည်းကောင်း အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များနှင့် ပေးအပ်ထားသည့် တာဝန်များကို ကျင့်သုံး ဆောင်ရွက်သွားရမှာဖြစ်ကြောင်း။

ထို့ကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် ဥပဒေအရ ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်များနှင့် လုပ်ငန်းတာဝန်များကို မိမိကိုယ်စား ကျင့်သုံးဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးဌာနများအား ခွဲဝေသတ်မှတ်ပြီး ဆောင်ရွက်စေရန်ဖြစ်ကြောင်း၊သိရှိပြီး ဖြစ်ကြသည့်အတိုင်း နိုင်ငံတော်သမ္မတသည် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် လွှတ်တော်၏သဘောတူညီချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး ဌာနများကို လိုအပ်သလို သတ်မှတ်နိုင်ကြောင်း၊ သတ်မှတ်ပြီးသည့် ဝန်ကြီးဌာန များကို လိုအပ်သလို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း ပြုနိုင်ကြောင်း အသေးစိတ် အခြေခံရမည့်မူများ ချမှတ်ပြီးဖြစ်ကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ ဝန်ကြီးဌာနများသည် ဥပဒေအရ ခွဲဝေအပ်နှင်းထားသည့် လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များကို ဝန်ကြီးဌာနကိုယ်စား ခွဲဝေကျင့်သုံး ဆောင်ရွက်နိုင်စေရေးအတွက် လိုအပ်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆိုင်ရာ နယ်ဘက်ဝန်ထမ်း အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်ခွင့်ရှိသင့်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် မိမိတာဝန်ယူ အကောင်အထည်ဖော်ရမည့် လုပ်ငန်းများကို ဝန်ကြီးဌာနအသီးသီးက ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆိုင်ရာ နယ်ဘက်ဝန်ထမ်း အဖွဲ့အစည်းများတွင် လိုအပ်သည့် ဝန်ထမ်းများကိုလည်း ခန့်အပ်ပိုင်ခွင့် ရှိသင့်ပါကြောင်း၊ ယင်းသို့ ဝန်ထမ်းများ ခန့်ထားရာတွင် အဆင့်ဆင့်သော ဝန်ထမ်းများအနေဖြင့် ပြည်ထောင်စုရှိ အခြားဝန်ထမ်းများနည်းတူ ရသင့်

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

လိုအပ်သလို ကြီးကြပ်၊ စစ်ဆေး၊ ပေါင်းစပ်ညှိနှိုင်း

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအနေဖြင့် မိမိနယ်မြေဒေသ အတွင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိကြသည့် ပြည်ထောင်စုအစိုးရ၏ နယ်ဘက်ဝန်ထမ်းများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ နယ်ဘက်ဝန်ထမ်းများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့တို့၏ နယ်ဘက်ဝန်ထမ်းများအား ချမှတ်ပေးထားသည့် လုပ်ငန်းများကို အောင်မြင်ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်အတွက် လိုအပ်သလို ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်းတို့ကို ပြုလုပ်ရန် လိုအပ်မှာဖြစ်ကြောင်း။

နိုင်ငံတော်သမ္မတသည် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့်တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်ဝန်ကြီးဌာနများကိုလိုအပ်သလိုသတ်မှတ်နိုင်

စာမျက်နှာ ၁၁ မှ

ရထိုက်သည့် အခွင့်အရေးများ ရရှိစေရန်လည်းကောင်း၊ ဝန်ထမ်းခန့်အပ်ရာတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်စေရေးအတွက်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပြည်ထောင်စု ဥပဒေနှင့် အညီလည်းကောင်း၊ ပြည်ထောင်စုအစိုးရနှင့် ညှိနှိုင်းပြီးမှလည်းကောင်း ခန့်ထား သင့်ပါကြောင်း။

ထို့ကြောင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအနေဖြင့် နယ်ဘက်ဝန်ထမ်း အဖွဲ့အစည်းများ ဖွဲ့စည်းခြင်း၊ နယ်ဘက်ဝန်ထမ်းများ ခန့်အပ်ခြင်း တို့နှင့် စပ်လျဉ်းပြီး–

“တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပြည်ထောင်စုဥပဒေနှင့်အညီလည်းကောင်း၊ ပြည်ထောင်စုအစိုးရနှင့် ကြိုတင်ညှိနှိုင်း၍လည်းကောင်း မိမိတာဝန်ယူ အကောင်အထည်ဖော်ရသည့် လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်–

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆိုင်ရာ နယ်ဘက်ဝန်ထမ်း အဖွဲ့အစည်းများကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။

(ခ) လိုအပ်သော နယ်ဘက်ဝန်ထမ်းများကို ခန့်အပ်နိုင်သည်”

ဟူ၍ အသေးစိတ် အခြေခံရမည့်မူများ ချမှတ်ရန် သင့်မသင့် ဆွေးနွေးအကြံပြုကြရန် ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဆုံးဖြတ်ချက်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏အခြေအနေအရပ်ရပ်ကိုအခါအားလျော်စွာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့တင်ပြခြင်းဆိုင်ရာ လုပ်ငန်းတာဝန်နှင့်စပ်လျဉ်းပြီးလုပ်ငန်းကော်မတီ၏လေ့လာတွေ့ရှိချက်များကို ဆက်လက်တင်ပြမည်ဖြစ်ကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ အုပ်ချုပ်မှုအာဏာသည် တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်လွှတ်တော်က ဥပဒေပြုခွင့်ရှိသည့် ကိစ္စရပ်များသို့ သက်ရောက် ပျံ့နှံ့သည်ဟု အသေးစိတ် အခြေခံရမည့်မူ ချမှတ်သင့်ကြောင်း တင်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ အုပ်ချုပ်မှုအာဏာနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်၏ ဥပဒေပြုခွင့်အာဏာသည် အပြန်အလှန် ဆက်စပ်နေကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေများအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရတွင် လုပ်ငန်းတာဝန် နှင့် လုပ်ပိုင်ခွင့်များရှိလာမှာဖြစ်ကြောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရသည် အဆိုပါလုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက် ရမှာ ဖြစ်ကြောင်း၊ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်အစိုးရကလည်း နိုင်ငံတော် အကျိုး၊ မိမိနှင့်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အကျိုးတို့ကို ရှေးရှုလျက် ဥပဒေနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ထားချက်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ အစီရင်ခံသင့် ပါကြောင်း၊ ဤသို့ဆောင်ရွက်ခြင်းဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့သည် မိမိတို့ အာဏာကို ကျင့်သုံးဆောင်ရွက်ရာတွင်အချင်းချင်း အပြန်အလှန် လေးစားမှု ထားပြီး ထိန်းကျောင်းသွားကြရန် ဖြစ်ကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ဥပဒေပြုရေးအာဏာကို ကျင့်သုံးလျက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွက် လိုအပ်သော ဥပဒေများကို ပြဋ္ဌာန်းပိုင်ခွင့်ရှိသည့်အပြင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အကျိုးကို ရှေးရှုလျက် ဆုံးဖြတ်ချက်များ လည်း ချမှတ်နိုင်ခွင့်ရှိပါမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က အုပ်ချုပ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များချမှတ်သည့်အခါ သက်ဆိုင်ရာ တိုင်းဒေသ ကြီး သို့မဟုတ် ပြည်နယ်အစိုးရက လိုအပ်သလိုအရေးယူမှု၊ အကောင်အထည် ဖော်မှုတို့ကို ပြုလုပ်ရမှာဖြစ်ကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ချမှတ်သည့် ဆုံးဖြတ်ချက်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အနေဖြင့် အရေးယူဆောင်ရွက်မှု၊ အကောင်အထည်ဖော်ဆောင်ရွက်မှုတို့နှင့် စပ်လျဉ်း၍ တိုးတက်မှုအခြေအနေအရပ်ရပ်ကို မိမိနှင့်ဆိုင်သည့်လွှတ်တော်သို့ အသိပေး တင်ပြသင့်သလို ပြည်ထောင်စုအစိုးရသို့လည်း အသိပေးတင်ပြရန် လိုမှာဖြစ်ကြောင်း၊ သို့မှသာ ပြည်ထောင်စုအစိုးရသည် မိမိပြည်ထောင်စု အတွင်းရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးသီးတို့၏ အခြေအနေ အရပ်ရပ်ကို မျက်ခြည်မပြတ် သိရှိနေနိုင်မှာဖြစ်ကြောင်း။

ထို့အပြင် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရသည် မိမိနယ်မြေ ဒေသဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်ရသည့် အဖွဲ့အစည်းဖြစ်သည့်အတွက် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်၏ တိုးတက်မှုအခြေအနေ အရပ်ရပ်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ ပုံမှန်တင်ပြရန် တာဝန်ရှိသင့်ပါကြောင်း၊ သို့မှသာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရနှင့်သက်ဆိုင်ရာ တိုင်းဒေသ ကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့သည် မိမိတို့၏ အုပ်ချုပ်ရေးအာဏာနှင့် ဥပဒေပြုရေးအာဏာတို့ကို ကျင့်သုံးဆောင်ရွက်ကြရာတွင် အချင်းချင်း အပြန် အလှန်လေးစားမှု၊ထိန်းကျောင်းမှုများရှိနိုင်ကြမှာဖြစ်ကြောင်း။

ထို့ကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ လုပ်ငန်းတာဝန် တစ်ရပ်အနေဖြင့် အောက်ပါအတိုင်း အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရန် သင့်မသင့် ဆွေးနွေးအကြံပြုကြရန်ဖြစ်ပါကြောင်း။

“တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရသည်–

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က အခါအားလျော်စွာ ချမှတ်သည့် အုပ်ချုပ်ရေးဆိုင်ရာဆုံးဖြတ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်။ မိမိ၏ အရေးယူဆောင်ရွက်ချက်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ ပြန်လည်အစီရင်ခံရမည်။

(ခ) မိမိနယ်မြေဒေသ၏အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ပြည်ထောင်စုအစိုးရနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်ပြရမည်။

ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ တို့သည် အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် အချိန်နှင့် တစ်ပြေးညီဆောင်ရွက်မှသာ နိုင်ငံတော်နှင့် ပြည်သူများအတွက် အကျိုးဖြစ်ထွန်းမှာ ဖြစ်ကြောင်း၊ ပြည်ထောင်စုအစိုးရသည် နိုင်ငံတော်နှင့် ပြည်သူများ အကျိုးအတွက် အချိန်အခါနှင့်လျော်ညီစွာ မူဝါဒများ၊ လမ်းညွှန်မှုများ ချမှတ်ပေးမှာဖြစ်ကြောင်း၊ ဤသို့ပြည်ထောင်စုအစိုးရက ချမှတ်ပေးထားသည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရများသည် မိမိတို့အား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးပြီး လုပ်ငန်းများ အောင်မြင်အောင် အကောင်အထည် ဖော်ပေးရမှာ ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုအစိုးရက အခါအားလျော်စွာ ပေးအပ်လာသည့် လုပ်ငန်းတာဝန်များကိုလည်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက အကောင်အထည်ဖော် ထမ်းဆောင်စေသင့်သည်ဟု သုံးသပ်ရပါကြောင်း။

ထို့ကြောင့် **“တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်အစိုးရသည် ပြည်ထောင်စု အစိုးရက အခါအားလျော်စွာ ပေးအပ်လာသည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်”**

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ အုပ်ချုပ်မှုအာဏာနှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဥပဒေပြုခွင့်အာဏာတို့ အပြန်အလှန်ဆက်စပ်နေ

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်ရန် သင့်မသင့် ဆွေးနွေးအကြံပြုကြရန် ဖြစ်ပါကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတို့၏ အုပ်ချုပ်မှုအခွင့်အာဏာနှင့် ယင်းအာဏာနှင့်ဆက်စပ်လျက်ရှိသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့်စပ်လျဉ်း၍ ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများကို စုစည်းလျက် အောက်ပါ အတိုင်း တင်ပြအပ်ပါကြောင်း–

၁။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင်– တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ အုပ်ချုပ်မှု အာဏာသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဥပဒေပြုနိုင်သော ကိစ္စရပ်များသို့ သက်ရောက်ပျံ့နှံ့သည်။ ထို့ပြင် ပြည်ထောင်စုဥပဒေတစ်ရပ်ရပ်အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအား ဆောင်ရွက်ခွင့်ပြုသည့် ကိစ္စရပ်များသို့လည်း သက်ရောက်ပျံ့နှံ့သည်။

၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် ပြန်ထောင်စု အစိုးရက နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် ကူညီရန်တာဝန်ရှိသည်။

၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် ပြည်ထောင်စု အစိုးရက ချမှတ်သည့် မူဝါဒများနှင့်သော်လည်းကောင်း၊ ပြည်ထောင်စုဥပဒေများနှင့်သော်လည်းကောင်း မဆန့်ကျင်စေဘဲ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများနှင့် စပ်လျဉ်းသည့် စီမံကိန်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စု၏ နှစ်စဉ်အရ အသုံးခန့်မှန်းခြေ ငွေစာရင်းအပေါ် အခြေပြုလျက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြဋ္ဌာန်းပေးနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းရမည်။

၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် မိမိတင်သွင်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ဘဏ္ဍာရေးနှစ်မကုန်ဆုံးမီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းခြင်း မပြုနိုင်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က နောက်ဆုံး ပြဋ္ဌာန်းထားသည့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ သာမန်အသုံးစရိတ်ခွင့်ပြုချက် ဘောင် အတွင်း သုံးစွဲခွင့်ရှိသည်။

၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုအပ်သည့် ဥပဒေကြမ်းကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းနိုင်သည်။

၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည်–

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနများနှင့် ယင်းတို့၏ လက်အောက်အစိုးရဌာနများ၊ အဖွဲ့အစည်း များ၏ လုပ်ငန်းဆောင်ရွက်မှုများကိုဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရန်လည်းကောင်း၊ တည်ဆဲ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေရန်လည်းကောင်း၊ စီမံခန့်ခွဲခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း ပြုရမည်။

(ခ) မိမိတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း တာဝန် ထမ်းဆောင်လျက်ရှိသော နယ်ဘက်ဝန်ထမ်းအဖွဲ့အစည်း များ၏ လုပ်ငန်းဆောင်ရွက်မှုများကိုလည်း ဥပဒေနှင့်အညီ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်း ပြုနိုင်သည်။

၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် နိုင်ငံ့ဝန်ထမ်း ဆိုင်ရာ ပြည်ထောင်စုဥပဒေနှင့်အညီလည်းကောင်း၊ ပြည်ထောင်စု အစိုးရနှင့် ကြိုတင်ညှိ နှိုင်း၍လည်းကောင်း မိမိတာဝန်ယူ အကောင် အထည်ဖော်ရသည့် လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်–

(က) တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဆိုင်ရာနယ်ဘက် ဝန်ထမ်း အဖွဲ့ အစည်းများကို လိုအပ်သလိုဖွဲ့စည်းနိုင်သည်။

(ခ) လိုအပ်သောနယ်ဘက်ဝန်ထမ်းများကို ခန့်အပ်နိုင်သည်။

၉။ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရသည်–

(က) သက်ဆိုင်ရာတိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်က **အခါအားလျော်စွာချမှတ်သည့် အုပ်ချုပ်ရေးဆိုင်ရာ ဆုံးဖြတ် ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။ မိမိ၏ အရေးယူဆောင်ရွက်ချက်များကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ ပြန်လည်အစီရင်ခံ ရမည်။**

(ခ) မိမိနယ်မြေဒေသ၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ပြည်ထောင်စုအစိုးရနှင့် သက်ဆိုင်ရာ တိုင်း ဒေသကြီးသို့မဟုတ် ပြည်နယ် လွှတ်တော်သို့ တင်ပြရမည်။

၁၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် ပြည်ထောင်စု အစိုးရက အခါအားလျော်စွာ ပေးအပ်လာသည့် လုပ်ငန်းတာဝန် များကို ထမ်းဆောင်ရမည်။

တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်အစိုးရ၏ အုပ်ချုပ်မှု အခွင့်အာဏာနှင့် ယင်းအာဏာနှင့် ဆက်စပ်လျက်ရှိသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များနှင့် စပ်လျဉ်းပြီး မိမိစုစည်းတင်ပြထားသည့် အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်ရန် သင့်မသင့် ကိုယ်စားလှယ်တော်ကြီးများအနေဖြင့် ဆွေးနွေးအကြံပြုရန်ဖြစ်ကြောင်း ထပ်လောင်းမေတ္တာရပ်ခံပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။

၂၀၀၅ခုနှစ် မတ် ၈ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင် စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများ အနက် အုပ်ချုပ်ရေးအပိုင်းပါ “ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ အုပ်ချုပ်မှုအာဏာ”နှင့် စပ်လျဉ်းပြီး ချမှတ်သင့် သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုး၏ ရှင်းလင်းတင်ပြချက် နှင့် “နိုင်ငံ့ဝန်ထမ်း”နှင့် စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ကိုယ်စား လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌရှေ့နေချုပ် ဦးအေးမောင်တို့၏ ဖတ်ကြားတင်ပြချက်တို့ကို မတ် ၁၂ရက်ထုတ် သတင်းစာများတွင် ဆက်လက် ဖော်ပြသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ်ဂေါက်သီးရိုက်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်တွင် ပထမရရှိသွားသော စိုးမိုးအောင်(လားရှိုး)အား I.B.T.C ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်မိုးကျော်က ဆုပေးအပ်ချီးမြှင့်စဉ်။ (က-ပ)

ဂရင်းရွိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲဆုပေးပွဲကျင်းပ

ရန်ကုန် မတ် ၁၀

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် International Beverages Trading Co.,Ltd. နှင့် HAN Event Management တို့ ပူးပေါင်းစီစဉ်ကျင်းပသော ၂၀၀၄-၂၀၀၅ ခုနှစ် ဂရင်းရွိုင်ရယ်စပါယ်ရှယ် ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ် ဖွင့်ပွဲအခမ်းအနားကို မတ် ၆ ရက် နံနက် ၆ နာရီက ရန်ကုန်မြို့ မြို့တော်ဂေါက်ကွင်း(မြကန်သာ) တီခုံအမှတ်(၁)၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်း၊ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်နှင့် I.B.T.C ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်မိုးကျော်တို့က ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ပါဝင်ယှဉ်ပြိုင်

ပြိုင်ပွဲကို နှစ်ရက်ကျင်းပရာ မတ် ၅ရက်တွင် ပထမပွဲစဉ် (ရန်ကုန်)၊ ဒုတိယပွဲစဉ် (မန္တလေး)၊ တတိယပွဲစဉ် (လားရှိုး)နှင့် စတုတ္ထပွဲစဉ်(မြိတ်) တို့မှ အကောင်းဆုံးဂေါက်သီးရိုက် အားကစားသမား စုစုပေါင်း ၁၅ဦး ယှဉ်ပြိုင်ကြသည်။ မတ် ၆ရက်တွင် ပထမဆုံးနေ့မှ အကောင်းဆုံး ဂေါက်သီးရိုက် အားကစားသမား လေးဦးတို့၏ နောက်ဆုံးဗိုလ်လုပွဲစဉ်နှင့်အတူ Pro-Am ပွဲစဉ်ကိုကျင်းပရာ နာမည်ကျော်ကြေးစားဂေါက်သီးရိုက် အားကစားသမား ၂၉ ဦး၊ အပျော်တမ်း ဂေါက်သီးရိုက် အားကစားသမား ၁၀၅ ဦး စုစုပေါင်း ၁၃၄ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲစဉ် ဆုပေးပွဲအခမ်းအနားကို မတ် ၆ရက် ညနေ ၆နာရီခွဲက ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ဆက်လက်ကျင်းပသည်။ ရှေးဦးစွာ I.B.T.C ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်မိုးကျော်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် Professional ပြိုင်ပွဲအတွက် ဆုများချီးမြှင့်ရာ I.B.T.C ကုမ္ပဏီမှ အုပ်ချုပ်မှုနှင့်ငွေစာရင်း ဒါရိုက်တာ ဦးလွင်အောင်အေးက ပဉ္စမရရှိသော နန္ဒကျော်၊ စတုတ္ထရရှိသော မြင့်သောင်းနှင့်တတိယရရှိသော လှမျိုးတို့အား လည်းကောင်း၊I.B.T.C ကုမ္ပဏီမှ အရည်အသွေးထိန်းသိမ်းမှု ဒါရိုက်တာ ဦးတင့်ဦးက ဒုတိယရရှိသော အောင်ဝင်းနှင့် ပထမရရှိသော ယဉ်ထွေးတို့အား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ဆုများချီးမြှင့်

ဆက်လက်၍ Pro-Am ပြိုင်ပွဲအတွက် ဆုများချီးမြှင့်ရာ မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်က ဒုတိယရရှိသော နန္ဒကျော်၊ အောင်ကိုလတ်၊ အောင်ဇော်ဟိန်းနှင့် မျိုးနိုင်တို့အတွဲအား လည်းကောင်း၊ ပထမရရှိသော တူးအောင်၊ ကျော်မျိုးခိုင်၊ မင်းလွင် (၂)နှင့် ရန်နိုင်တို့အတွဲအား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် နောက်ဆုံးဗိုလ်လုပွဲစဉ်(Grand Final)အတွက် ဆုများချီးမြှင့်ရာ I.B.T.C ကုမ္ပဏီမှ အရောင်းနှင့်ဈေးကွက်ဒါရိုက်တာ ဦးမိုးသန်းချစ်က စတုတ္ထရရှိသော အေးမင်း(မြိတ်)၊ တတိယရရှိသော စိုင်းဟန်လှိုင်(လားရှိုး)နှင့် ဒုတိယရရှိသော သိန်းလင်းထွန်း(ရန်ကုန်)တို့အား လည်းကောင်း၊ I.B.T.C ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်မိုးကျော်က ပထမရရှိသော စိုးမိုးအောင်(လားရှိုး)အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

Grand Royal Special Reserve Golf Championship နောက်ဆုံးဗိုလ်လုပွဲစဉ်ကို Co-sponsors များဖြစ်ကြသော Air Mandalay, PoPa Aqua, Cursher Club Soda, Ping (Pan Dagon Int'l Ltd.) နှင့် Traders Hotel တို့က ဝိုင်းဝန်းကူညီ ပံ့ပိုးပေးကြသည်။ **(မြန်မာ့အလင်း)**

လီဗာပူး၊ ဂျူဗင်းတပ်စ်နှင့် ဘေယန်မြူးနစ်တို့ ချန်ပီယံလိဂ်နောက်တစ်ဆင့်တက်ပြီ အာဆင်နယ်အသင်းအနိုင်ရသော်လည်း ချန်ပီယံလိဂ်မှထွက်ခဲ့ရ

လန်ဒန် မတ် ၁၀

ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်များကို ဆက်လက်ကျင်းပရာ အာဆင်နယ်က ဘေယန်မြူးနစ်ကို တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရပြီး လီဗာပူးက ဘေယာလီဗာကူဆင်ကို သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ရကာ ဂျူဗင်းတပ်စ်က ရီးယဲမက်ဒရစ်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသကဲ့သို့ ပီအက်စ်ဗွီကလည်း မိုနာကိုအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

အာဆင်နယ်နှင့် ဘေယန်မြူးနစ်

အဝေးကွင်း၌ ဘေယန်မြူးနစ်ကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသဖြင့် မိမိကွင်း ဟိုက်ဘူရီ၌ ဂိုးပြတ်သွင်းပြီး အနိုင်ရရှိရေး အထူးကြိုးစားကစားခဲ့ရာ ရှေ့တန်းမှ သီယာရီဟင်နရီနှင့် ဘားကမ့်တို့ အချိတ်အဆက်မိမိ ထိုးဖောက်

ထိုး ဖောက်

ချန်ပီယံလိဂ် ဒုတိယအကျော့ ပွဲစဉ်အဖြစ် အာဆင်နယ်နှင့် ဘေယန်မြူးနစ်တို့ ပွဲတွင် အာဆင်နယ်မှ ဒင်းနစ် ဘားကမ့်(ယာ)**ထိုးဖောက်ကစားစဉ်။**

(ဓာတ်ပုံ- အင်တာနက်)

ကစားနိုင်သလို ဗီအယ်ရာ၊ ရေးယက်စ်၊ ယွန်းဘတ်နှင့် ဖလာမီနီတို့ကလည်း တိုက်စစ်ကိုလိုက်ပါဖြည့်ဆည်းကစား နိုင်မှုကြောင့် ဘေယန်မြူးနစ်က အာဆင်နယ်တိုက်စစ်ကို ကြိုးစားဟန့်တားခဲ့ရသည်။

အာဆင်နယ်အသင်း အဖွင့်ဂိုးစောစီးစွာရရှိရေးကြိုးစားရာမှ ၂၁မိနစ်တွင် ဘားကမ့်နှင့် ဘေယန်မြူးနစ်မှ ဒီမီချီလစ်တို့ ကြမ်းတမ်းစွာကစားမှုကြောင့် နှစ်ဦးစလုံးအဝါကတ်ပြ သတိပေးခံရသည်။ အာဆင်နယ်အသင်း ကွင်းလယ်ကစားကွက်ကို ထိန်းချုပ်စိုးမိုးပြီး ကစားနိုင်ရာ ဘောလုံးပိုင်ဆိုင်မှုများများဖြင့် ဘေယန်မြူးနစ်ဘက်သို့ အတွဲလိုက်အုပ်စုဖွဲ့ ထိုးဖောက်ကစားသလို ဟန်နရီကလည်း အထူးခြေပေါ်အောင် ကစားသွားနိုင်ခဲ့သည်။

ဘေယန်မြူးနစ်ကလည်းမိမိကွင်း၌ ပထမအကျော့တွင် အနိုင်ရရှိခဲ့သဖြင့် စိတ်ဓာတ်အသာစီးရကာ အနိုင်ရရှိရေး ကြိုးစားကစားခဲ့သော်လည်း ရှေ့တန်းမှ ပီဇာရို၊ ရူရာရီရိုနှင့် ဆလီဟာမ်မစ်ဇစ်တို့၏ ထိုးဖောက်မှုများမှာ အာဆင်နယ်နောက်တန်းကို ထိထိရောက်ရောက် ဒုက္ခမပေးနိုင်ခဲ့ပေ။ အာဆင်နယ်အသင်း ကစားအားတင်ပြီး ထိုးဖောက်ကစားရာမှ ၆၆ မိနစ်တွင် အက်ရှ်လေကိုးပေးသည့် ဘောလုံးကို ဟန်နရီက ဘယ်ခြေဖြင့် အသာကန်သွင်းခဲ့သဖြင့်တစ်လုံးတည်းသော အနိုင်ဂိုးကိုသွင်းယူနိုင်ခဲ့သည်။ အာ ဆင်နယ်အသင်း ယခုပွဲ၌ တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိသော်လည်း ပထမပွဲ အဝေးကွင်း၌ ဘေယန်မြူးနစ်ကို သုံးဂိုး-တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့ရာ နှစ်ပွဲ ပေါင်းရလဒ် နှစ်ဂိုး-သုံးဂိုးဖြင့် ချန်ပီယံလိဂ်မှ ထွက်သွားခဲ့ရပြီဖြစ်သည်။

ဂျူဗင်းတပ်စ်နှင့်ရီးယဲမက်ဒရစ်

အဝေးကွင်း၌ ဂျူဗင်းတပ်စ်တို့ ရီးယဲမက်ဒရစ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးထားခဲ့သဖြင့် မိမိကွင်း ဒယ်လီအယ်ပီတွင် စိတ်ဓာတ်မြင့်တင်ပြီး ကစားနိုင်သော်လည်း ရီးယဲမက်ဒရစ်က ပိတ်ဆို့ကစားခဲ့သဖြင့် ပထမပိုင်း တစ်ချိန်လုံး ဂျူဗင်းတပ်စ်တို့ ဂိုးမသွင်းနိုင်ခဲ့ပေ။

ပွဲချိန်၇၅မိနစ်တွင် ဒယ်ပီယာရိအစား လူစားဝင်လာသူ ဂျူဗင်းတပ်စ်

ဖျက် ထုတ်

ချန်ပီယံလိဂ် ဒုတိယအကျော့ ပွဲစဉ်အဖြစ် ဂျူဗင်းတပ်စ်နှင့် ရီးယဲမက်ဒရစ်တို့ပွဲတွင် ရီးယဲမက်ဒရစ်မှ ရောဘတ်တိုကားလို့စ် ဘောလုံးဟန့်တား ဖျက်ထုတ်စဉ်။

(ဓာတ်ပုံ- အင်တာနက်)

တိုက်စစ်မှူး ထရေဇီဂေးက လေထဲဝဲပြီးနောက်ပြန်ကန်သွင်းခဲ့ရာမှ ဂျူဗင်းတပ်စ်တို့ ဂိုးစတင်ရရှိသွားသည်။

ရီးယဲမက်ဒရစ်က ချေပဂိုးပြန်သွင်းနိုင်ရေးအတွက် ကစားကွက်ပြောင်းရန် ဇီဒန်းအစား ဂူတီ၊ ဒေးဗစ်ဘက်ဟမ်းအစား ဆိုလာရီ၊ ရာအူးလ်အစား မိုက်ကယ်အိုဝင်တို့ ပြောင်းလဲကစားစေခဲ့သော်လည်း ပွဲချိန်ပြီးသည်အထိ ချေပဂိုးမသွင်းနိုင်ခဲ့ပေ။

ချန်ပီယံလိဂ်ပွဲစဉ်အရ အိမ်ကွင်း အဝေးကွင်း အနိုင်အရှုံးရလဒ်တူညီနေသဖြင့် အချိန်ပိုမိနစ်၃၀ထပ်မံကစားခဲ့ရသည်။

ဂျူဗင်းတပ်စ်မှ အနိုင်ရရှိရေး တိုက်စစ်ဆင်ကစားရာမှ ပွဲချိန်၁၁၇ မိနစ်တွင် ရီးယဲမက်ဒရစ်နောက်ခံလူများ ဖျက်ထုတ်၍ ပြန်ထွက်လာသော ဘောလုံးကို ဂျူဗင်းတပ်စ် တိုက်စစ်မှူး ဇာလာရီတာက ဂိုးရှေ့ယာအစပ်မှ ကန်သွင်းခဲ့သဖြင့် ဂျူဗင်းတပ်စ်တို့ ဒုတိယဂိုးရရှိခဲ့ခြင်း ဖြစ်သည်။

ဂျူဗင်းတပ်စ်တို့ အချိန်ပိုတွင် တစ်ဂိုးထပ်မံသွင်းနိုင်မှုကြောင့် နှစ်ပွဲပေါင်း ဂိုးရလဒ် နှစ်ဂိုး-တစ်ဂိုးဖြင့် ချန်ပီယံလိဂ် နောက်တစ်ဆင့်သို့ တက်ရောက်သွားခဲ့ပြီ ဖြစ်သည်။

ဘေယာလီဗာကူဆင်နှင့်လီဗာပူး

ချန်ပီယံလိဂ် ပထမအကျော့ အိမ်ကွင်း၌ သုံးဂိုး-တစ်ဂိုးဖြစ် အနိုင်ရရှိခဲ့သည့် လီဗာပူးအသင်း ယခုဒုတိယအကျော့တွင်လည်း အဝေးကွင်း၌ သုံးဂိုး-တစ်ဂိုးဖြင့် ဘေယာလီဗာကူဆင်ကို အနိုင်ရရှိခဲ့ပြန်သည်။

လီဗာပူးအသင်း အလယ်တန်းနှင့် ရှေ့တန်းချိတ်ဆက်မိမိကစားနိုင်ခဲ့ရာမှ ပွဲချိန်၂၈မိနစ်တွင် စတီဗင်ဂျရတ် ဖြတ်ပေးလိုက်သည့် ဘောလုံးကို တိုက်စစ်မှူးဂါဆီရာက သွင်းယူခဲ့သဖြင့် ဖွင့်ဆော်ဦးဂိုး ရရှိခဲ့ပြီး မကြာမီ ပွဲချိန် ၃၂မိနစ်၌ ဂါဆီရာပင် ဒုတိယဂိုး သွင်းယူခဲ့သဖြင့် ပထမပိုင်းတွင် နှစ်ဂိုးအသာဖြင့် လီဗာပူးတို့ ဦးဆောင်နေခဲ့သည်။

ဒုတိယပိုင်းတွင် လီဗာကူဆင်အသင်း ချေပဂိုးရရှိရေး ဖိကစားရာမှ ပွဲချိန် ၆၇မိနစ်တွင် လီဗာပူး တိုက်စစ်မှူး မီလန်ဘား ရို့စ်က တစ်ဂိုးသွင်းယူခဲ့ပြန်သဖြင့် သုံးဂိုးအသာဖြင့် ဦးဆောင်ကစားနေခဲ့သည်။ ပွဲချိန် ၈၇ မိနစ်တွင်မှ လီဗာကူဆင်အတွက် ချေပဂိုး တစ်ဂိုးကို အလယ်တန်းလူ ကာဇိုင်ဒိုဝက်ခ်က သွင်းယူနိုင်ခဲ့သဖြင့် နှစ်ပွဲကစား နှစ်ပွဲနိုင်ဖြင့် လီဗာပူးတို့ ချန်ပီယံလိဂ် နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

မိုနာကိုနှင့် ပီအက်စ်ဗွီ

မိုနာကိုတို့ အဝေးကွင်း၌လည်း တစ်ဂိုး-ဂိုးမရှိဖြင့်ရှုံးထားရာ မိမိကွင်း၌ ဂိုးပြတ်သွင်းပြီး အနိုင်ရရှိရေး ကြိုးစားသော်လည်း ပွဲချိန် ၂၇ မိနစ်တွင် ပီအက်စ်ဗွီ တိုက်စစ်မှူး ဟက်ဆီလင်ခ်က တစ်ဂိုး၊ ပွဲချိန်မိနစ် ၇၀ တွင် ဘီအက်စ်အေက တစ်ဂိုးသွင်းယူခဲ့သဖြင့် နှစ်ဂိုး-ဂိုးမရှိဖြင့်ရှုံးရသည့်အပြင် ပွဲချိန် ၇၇ မိနစ်တွင် မိုနာကိုမှနောက်ခံလူ ဂီဗက်ကြမ်းတမ်းစွာကစားမှုကြောင့် အနီကတ်ပြ အထုတ်ခံခဲ့ရသည်။

ပီအက်စ်ဗွီသည် နှစ်ပွဲကစား နှစ်ပွဲနိုင်ဖြင့် ချန်ပီယံလိဂ် နောက်တစ်ဆင့်သို့ တက်လှမ်းသွားခဲ့ပြီ ဖြစ်သည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှား အားကစား

ဒဗလျူဘီစီသရဖူလုပ်မည့်စိန်ခေါ်သူနှစ်ဦးထိုးမည်

ဇဝစ်ကော မတ် ၁၀

ဒဗလျူဘီစီ စူပါမစ်ဒယ်လ်ဝိတ်တန်း ချန်ပီယံဖြစ်သည့် ဂျာမနီမှ မာကွတ်ဘေယာ(ဝဲ)နှင့် ဩစတြေးလျနိုင်ငံသား ဒန်နီဂရင်းတို့အား ဂျာမနီနိုင်ငံ အနောက်ပိုင်း ဇဝစ်ကောမြို့၌ မတ် ၉ရက်က သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ တွေ့ရခြင်းဖြစ်သည်။**(ပုံ)**

ယင်းတို့နှစ်ဦးသည် ဒဗလျူဘီစီ စူပါမစ်ဒယ်လ်ဝိတ်တန်း ချန်ပီယံသရဖူကို မတ် ၁၂ရက် ညနေပိုင်းတွင် ဇဝစ်ကောမြို့တော်ခန်းမ၌ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ကြောင်း သိရသည်။

ဒဗလျူဘီစီ စူပါမစ်ဒယ်လ်ဝိတ်တန်း ချန်ပီယံသရဖူကို ဂျာမနီသား မာကွတ်ဘေယာက ဆက်ထိန်းထားနိုင်မည်လား၊ ဩစတြေးလျမှ စိန်ခေါ်သူ ဒန်နီဂရင်းက သရဖူကိုလုယူမည်လားဆိုသည့်အဖြေမှာ ပြိုင်ပွဲကအဆုံးအဖြတ်ပေးလိမ့်မည်ဖြစ်သည်။ **(အင်တာနက်)**

ရွှေပြည်ဟိန်း ဇီဝိတဒါန အလှူ

ရန်ကုန် မတ် ၁၀

ရန်ကင်း ပြည်သာယာ ရွှေပြည်ဟိန်းကျောင်း၌ ဖွင့်လှစ်ထားသော ကုသိုလ်ဖြစ်ဆေးခန်းတွင် လူမျိုးဘာသာမရွေး ဝေဒနာရှင်များ၏ လိုအပ်သောဆေးများဝယ်ယူ လှူဒါန်းနိုင်ရန်အတွက် ပြင်သစ်နိုင်ငံ သာသနာပြု ပါရီဆရာတော်အား အမှူးထား၍ ရဟန်းအမ ဒေါ်ဖွားခင် သဘာဝမုန့်ဟင်းခါးလုပ်ငန်း မိသားစု (၆)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်က အလှူတော်ငွေကျပ်သုံးသိန်းကိုလည်းကောင်း၊ဒေါက်တာသန်းအောင်မိသားစု ကောင်းဆေးစတိုး ၁၁လမ်း လမ်းမတော်မြို့နယ်က ငွေကျပ်နှစ်သောင်းတန်ဖိုးရှိ ဆေးပစ္စည်းတို့ကိုလည်းကောင်း ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသိရီလင်္ကာရထံလှူဒါန်းကြသည်။ ပါဝင်လှူဒါန်းလိုသော အလှူရှင်များသည် ရွှေပြည်ဟိန်းကျောင်း ဖုန်း-၅၄၁၄၉၃သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပိုလ်တထောင် ရောင်တော်ဖွင့်အသင်း တရားပွဲ

ရန်ကုန် မတ် ၁၀

ပိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ပိုလ်တထောင် ရောင်တော်ဖွင့်အသင်း (၅၄)နှစ်ပြည့်တွင် ကျင်းပသော ဓမ္မပူဇာတရားပွဲကို မတ် ၇ရက်တွင် စတင်ကျင်းပလျက်ရှိရာ ၁၁ရက်နှင့်၁၂ရက်တို့တွင် အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) ဆရာတော်က ည ၇နာရီတွင် ပိုလ်တထောင် တိုးချဲ့ရင်ပြင် ဓမ္မသဘင်၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ကျောက်ဆင်ရွှေတိဂုံအလယ်ဌာပနာတိုက်ပူဇော်ပွဲ ဖိတ်ကြားလွှာနှင့်သွားရောက်မည့်အစီအစဉ်

ဝမ်းတွင်းမြို့နယ် ပင်းတလဲအုပ်စု တောင်ပုလု ကျောက်ဆင်တောရ မဟာသတိပဋ္ဌာန်ရိပ်သာတွင် တည်လျက်ရှိသော ကျောက်ဆင် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အလယ်ဌာပနာတိုက်အား စုပေါင်းလှူဒါန်းပူဇော် ရေစက်ချမင်္ဂလာအခမ်းအနားကို ၁၃၆၆ခုနှစ် တပေါင်းလပြည့် ၂၄-၃-၂၀၀၅ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ရန်ကုန်မှ ကြွရောက်လိုသူများအတွက် Air Con Bus နှစ်စီးကို ၂၂-၃-၂၀၀၅ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ကမ္ဘာအေးဘုရားလမ်း ပုလဲကွန်ဒိုရှေ့မှ အထူးဈေးနှုန်းနှင့် စတင်ထွက်ခွာ သွား/ပြန် ပို့ဆောင်ပေးရန် စီစဉ်ထားပါသည်။ လိုက်ပါလိုသူများ၏စာရင်းကို (၁)ဦးထွန်းသန်း ဖုန်း-၅၈၀၄၈၈၊ ၀၉-၅၀-၂၀၆၆၅၊ (၂)ဦးမျိုးသွင် ဖုန်း-၂၄၃၁၈၆၊ ၅၃၈၄၃၉၊ ၃၇၈၀၈၇၊ (၃)ဦးမျိုးဝင်း ဖုန်း-၆၄၂၅၄၃/၁၃၈၊ ၆၄၂၈၅၁/၁၃၈တို့သို့ ၁၈-၃-၂၀၀၅ရက် (သောကြာနေ့)နောက်ဆုံးထား ပေးပို့ကြရန်နှင့် အိပ်ရာလိပ်ယူလာရန် မေတ္တာရပ်ခံအပ်ပါသည်။

အကျိုးဆောင်အဖွဲ့။

သတိပေးတားမြစ်ကြေညာခြင်း

ဗိုလ်မှူးအောင်ကြည်(ငြိမ်း) (မော်ကွန်းဝင်ဒုတိယဆင့်) (BC/3564) (GE/4) (စာရေးဆရာကြီးနန္ဒ)နှင့် ဒေါ်မေစီခင်ခင်သန်းတို့ မောင်နှံစုံမွေးဖွားသည့် တစ်ဦးတည်းသော သမီးဖြစ်သူ အမှတ်-၁ မြသီတာလမ်း ပြည်သာယာရိပ်သာ ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်တိုင်းနေ ဒေါ်ကလျာနွယ်ကြည်၏ တင်ပြလွှဲအပ်ချက်အရ အောက်ပါအတိုင်း သတိပေးတားမြစ်ကြေညာလိုက်သည်။

စာရေးဆရာကြီးနန္ဒသည် ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဘာသာပြန်၊ ဝတ္ထုများစွာကို ရေးသားထုတ်ဝေခဲ့ပါသည်။

ယခုအခါ ဆရာကြီးနန္ဒ ပြုစုရေးသားခဲ့သော စာပေဆိုင်ရာ အရပ်ရပ်ကို တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်ကလျာနွယ်ကြည်က ဆက်ခံထားပါသည်။

သို့ဖြစ်၍ ဆရာကြီးနန္ဒ၏ စာပေများကို ပြန်လည်ရိုက်နှိပ်သူများ၊ ရိုက်နှိပ် ရန်စီစဉ်နေသူများ၊ ဗီဒီယို၊ ရုပ်ရှင်ရိုက်ကူးသူများ၊ ရိုက်ကူးနေသူများ၊ ရိုက်ကူး ရန်စီစဉ်နေသူများသည် ဒေါ်ကလျာနွယ်ကြည်နှင့် ယခုသတင်းစာတွင် ကြော်ငြာ ဖော်ပြသည့်နေ့မှ ခုနစ်ရက်အတွင်း လာရောက်တွေ့ဆုံဆက်သွယ်ရန် ဖိတ်ခေါ်ပါသည်။

ဆရာကြီးနန္ဒ၏ စာပေများမှ ဇာတ်လမ်းကျောရိုးကိုဖြစ်စေ၊ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ အမည်ကိုဖြစ်စေ ခွင့်ပြုချက်မဲ့သုံးစွဲပါက ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တစ်ပါတည်း သတိပေးလိုက်သည်။

တင်ပြလွှဲအပ်ချက်အရ-

ဒေါ်ရင်ရင်စန်း (အထက်တန်းရှေ့နေ) **ဦးသန်းထွန်းအောင်(မြို့မ) (တရားရုံးချုပ်ရှေ့နေ)**

အခန်း(၃)၊ (မြေညီထပ်)၊ တိုက်(၄၄)၊ ၃၆လမ်း(ကုန်သည်လမ်းမှဝင်)၊ ရန်ကုန်မြို့။



ထားဝယ်အသင်း ဂုဏ်ပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဘွဲ့တံဆိပ်တော် ချီးမြှင့်ခြင်းခံရသော ဘဒ္ဒန္တနာရဒ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) နာရဒါရာမကျောင်းတိုက် ကဒက်ငယ်ထိန်ရွာ လောင်းလုံမြို့နယ်၊ ဘဒ္ဒန္တကောသလ္လ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) ရွှေစေတီကျောင်း ကံပေါက်ဒေသ ရေဖြူမြို့နယ်၊ ဘဒ္ဒန္တဣဿရိယ (မဟာသဒ္ဓမ္မဇောတိကဓဇ)အောင်ချမ်းသာကျောင်းတိုက် ပိန္နဲတောရပ် ထားဝယ်မြို့၊ ဘဒ္ဒန္တဝိမလ (မဟာသဒ္ဓမ္မဇောတိကဓဇ)ဇဟာကျောင်းတိုက် ဇဟာကျေးရွာ ထားဝယ်မြို့၊ ဘဒ္ဒန္တကလျာဏ (သဒ္ဓမ္မဇောတိကဓဇ) မြေတိုက်ကျောင်းတိုက် ကညံ့ရပ် ထားဝယ်မြို့၊ ဘဒ္ဒန္တဇဝန(သဒ္ဓမ္မဇောတိကဓဇ) စစ်ပြကျောင်းတိုက် စစ်ပြကျေးရွာ လောင်းလုံမြို့၊ ဘဒ္ဒန္တစန္ဒိမာ(ဂန္ထဝါစကပဏ္ဍိတ)ဇေယျဝတီကျောင်းတိုက် ထားဝယ်မြို့တို့မှ ဆရာတော် ခုနစ်ပါးတို့အား ဂုဏ်ပူဇော်ပွဲကို မတ်၂၆ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် အလုံလမ်း အလုံမြို့နယ်ရှိ ဇမ္ဗူရတနာ ပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ထားဝယ်အသင်းသူ၊အသင်းသားများ တက်ရောက်ကြရန်နှင့် အသင်းတိုက်တွင် လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဦးတင်ဦး(အထွေထွေမန်နေဂျာ) Asia Japan Group Co.,Ltd. နှင့် အများသိစေရန်

Asia Japan Group Co., Ltd. သည် ရန်ကုန်မြို့၊ လသာမြို့နယ်၊ အနော်ရထာလမ်း၊ အမှတ် ၁၀၇/၁၀၉၊ ငါးလွှာ၌တည်ရှိပြီး ကုမ္ပဏီများ မှတ်ပုံတင်ရုံး၌တရားဝင်မှတ်ပုံတင်ထားပြီး ဦးအေးကိုကို(အုပ်ချုပ်မှုဒါရိုက်တာ) နှင့် ဦးတင်ဦး (အထွေထွေမန်နေဂျာ)တို့နှစ်ဦးပူးတွဲပိုင်ဆိုင်သော ကုမ္ပဏီဖြစ်ပါသည်။ ဦးတင်ဦး (အထွေထွေမန်နေဂျာ)သည် ကုမ္ပဏီမှပိုင်ဆိုင်သော ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ ဗဟိုလမ်းပေါ်ရှိ မြေတိုင်းရပ်ကွက် အမှတ်(၁၉)၊ လူနေရပ်ကွက်(ကမာရွတ်)မြေကွက် အမှတ်(၄/၉၂)ဘီ(မြေပိုင်မြေ)အမျိုးအစား၊ ဧရိယာ ၄ ဒသမ ၅၆၈ ဧကအနက်မှ မခွဲစိတ်ရသေးသော မြေ၂ဧကမြေကွက်နှင့် ပတ်သက်၍ ကျွန်ုပ်၏အမှုသည် ဦးအေးကိုကို၏သဘောတူခွင့်ပြုချက်မပါပဲ အရောင်းအဝယ်ပြုလုပ်ခြင်း၊ရောင်းချရငွေကို မိမိအကျိုးစီးပွားအတွက် သုံးစွဲခြင်း၊ စာရင်းရှင်းလင်းပေးရန်တောင်းဆိုသော်လည်း ယနေ့တိုင် ပျက်ကွက်နေခြင်းများနှင့်ပတ်သက်၍ အုပ်ချုပ်မှုဒါရိုက်တာ ဦးအေးကိုကိုထံသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ ယနေ့မှစ၍ ၇ရက်အတွင်း အဆိုပါကိစ္စရပ်များကို ပြေလည်အောင် ဖြေရှင်းပေးပါရန်နှင့်ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- **ဦးအောင်စိုး(Advocate)**
B.A.,R.L.D.B.L,D.M.L,D.I.L
Asia Japan Group Co.,Ltd.
အုပ်ချုပ်မှုဒါရိုက်တာဦးအေးကိုကို၏ တရားရုံးချုပ်ရှေ့နေ(စဉ်-၂၁၈၂)
အမှတ် ၁၅၃၊ ဒုတိယထပ်၊ လမ်း ၄၀၊ ကျောက်တံတား၊ရန်ကုန်
ဖုန်း-၀၉-၈၀-၂၄၁၄၁၊ ၂၄၃၃၆၃။



အသည်းရောဂါဆိုင်ရာ ဆေးပညာဟောပြောမည်

ရန်ကုန် မတ် ၁၀

ရန်ကုန်ပြည်သူ့ဆေးရုံကြီး အသည်းရောဂါ ပညာဌာနမှ ဆရာဝန်ကြီးများက အသည်းရောဂါဆိုင်ရာ ဆေးပညာဟောပြောပွဲကို မတ် ၁၂ရက် နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမဆောင်(အေ)၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသော ဆရာဝန်များ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်ဂေါက်အသင်း၌ တစ်ချက်တည်းကျင်းဝင်

ရန်ကုန် မတ် ၁၀

ရန်ကုန်ဂေါက်အသင်း(တညင်းကုန်း)တွင် မတ် ၉ရက် ညနေ ၄နာရီ မိနစ်၄၀တွင် ဦးသောင်းကျော် (MD, Shang Hai Co., Ltd.) သည် ကစားဖော်များဖြစ်ကြသော ဦးသန်းအောင်၊ ဦးဝင်းအောင်၊ Mr. Shane Yamaguchi နှင့် Mr. Koji Yamaguchi တို့နှင့် အတူ ဂေါက်သီးရိုက်ကစားရာ ကျင်းအမှတ်(၁၅)ကို ၁၅၈ကိုက်အကွာမှ Tour Special No.5 ဘောလုံးကို Honma Iron-7 တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။ **(က-ပ)**

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် မစုပုံချစ်

မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်)

တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြတော့မယ့် သားတို့၊ သမီးတို့အတွက် ဦးဦးဒီစာကို ရေးလိုက်ရတာ ဖြစ်တယ်။

၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကြီး ဖြေဆိုဖို့ကလဲ ရက်ပိုင်းသာ လိုပါတော့တယ်။ ဒီနှစ်တက္ကသိုလ်ဝင် စာမေးပွဲကို ဖြေဆိုကြမယ့် သားတို့ သမီးတို့ဟာ အဆင်သင့်ဖြစ်နေကြမယ်လို့လဲ ဦးဦးယုံကြည်တယ်။ တက္ကသိုလ်ဝင် စာမေးပွဲ ဖြေဆိုရန်အတွက် ဘာသာရပ်အလိုက် သိကောင်းစရာများကိုလဲ နေ့စဉ်သတင်းစာကနေ ဖော်ပြခဲ့တာ သားတို့သမီးတို့ ဖတ်မိကြမှာပါ၊ ဖတ်ဖြစ်အောင်လဲ ဖတ်ကြပါလို့ ဦးဦးအကြံပြုလိုတယ်။

အချို့က စာမေးပွဲကို တွေးပြီးကြောက်ရွံ့နေကြသူတွေလဲ ရှိတတ်ကြတယ်။ စိတ်ပျက်အားငယ်သူတွေလဲ ရှိတတ်ကြတယ်။ တကယ်တော့ စာမေးပွဲဆိုတာ ကြောက်ရွံ့စရာ၊ အားငယ်စရာ မဟုတ်ပါဘူး။ သားတို့သမီးတို့ မလွဲမသွေ ရင်ဆိုင်ကြရမယ့် စာမေးပွဲကြီးဖြစ်တာမို့ ကြိုးစားဖြေဆိုကြစမ်းပါ။ ကြိုးစားခြင်းဟာ အောင်မြင်ခြင်းရဲ့ရလဒ်ပဲ မဟုတ်လား။ သားတို့သမီးတို့မှာ ကိုယ်လက်အင်္ဂါ ပြည့်စုံသန်စွမ်းသူတွေ ဖြစ်ကြတာမို့ စိတ်ပျက်အားငယ်စရာ မလိုပါဘူး။ ကိုယ်လက်အင်္ဂါမပြည့်စုံလို့ စာကိုခြေထောက်နဲ့ရေးပြီး ဖြေရမယ့် မစုပုံချစ်လို ကျောင်းသူမျိုးတောင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုဖို့ အားမာန်အပြည့်နဲ့ ကြိုးစားနေတာကို သားတို့သမီးတို့သိရင် အံ့သြကြမှာပါ။

မစုပုံချစ်ကို အဖ ဒေါက်တာအုန်းကျော်နဲ့ အမိဒေါ်ခင်ဆွေလှဲ့တို့က ၅-၉-၈၉ရက်နေ့၌ ညောင်တုန်းမြို့မှာ မွေးဖွားခဲ့တယ်။ မွေးချင်းသုံးယောက် အနက် မစုပုံချစ်ဟာ အကြီးဆုံးဖြစ်တယ်။ မစုပုံချစ်မှာ မွေးကတည်းက ယာဘက်လက်တစ်ချောင်း လုံးဝမပါရှိဘူး။ ဝဲဘက်လက်ကျတော့ တံတောင်ဆစ်ကနေ ပြတ်နေပြီး လက်ချောင်းငယ်လေး နှစ်ချောင်းပါလာတယ်။ ယာဘက်ခြေလုံးဝသန်စွမ်းခြင်းမရှိဘဲ ဝဲဘက်ခြေထောက်တစ်ချောင်းသာ အားပြုနေရသူ ဖြစ်တယ်။

> **ကိုယ်လက်အင်္ဂါ မပြည့်စုံလို့ စာကိုခြေထောက်နဲ့ ရေးဖြေရတဲ့ မစုပုံချစ်တောင် ဘဝကို အန်တုရင်ဆိုင်ပြီး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုဖို့ အဆင်သင့်ဖြစ်နေရင် သားတို့ သမီးတို့အနေနဲ့ ပိုလို့တောင် အားမာန်အပြည့်နဲ့ ကြိုးစားရမှာပေါ့။ ကြိုးစားသူအဖို့ အောင်မြင်မှုဟာ ရလဒ်ကောင်းတစ်ခုပဲ မဟုတ်လား။**

သူငယ်တန်းမှ အဌမတန်းအထိ ညောင်တုန်းမြို့မှာ ပညာသင်ယူပြီးမြောက်ခဲ့တယ်။ အတန်းတိုင်းမှာ ပထမ၊ ဒုတိယ ရရှိခဲ့တယ်။ နဝမတန်းမှ ဒသမတန်းအထိ လှိုင်သာယာမြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှာ ပညာသင်ယူနေတာဖြစ်တယ်။ အခုဆိုရင် မစုပုံချစ်ဟာ အသက်(၁၅)နှစ်သာသာပဲရှိသေးတယ်။ ငယ်စဉ်ကလေးဘဝမှ ယခုအချိန်ထိ ဘဝကို ဖွါ၊ လုံ့လ၊ ဝီရိယနဲ့ ရင်ဆိုင်ခဲ့သူပါ။ စာရေးတဲ့အခါမှာ ဝဲဘက်ခြေမနဲ့ ခြေညှိုးက ခဲတံ၊ဘောလ်ပင်တို့ကို ညှပ်ပြီး ရေးရတာ။ ပုံဆွဲတာ၊ မျဉ်းသားတာကအစ ခြေထောက်နဲ့ပဲ အသုံးပြုရတာဖြစ်တယ်။ ဒါပေမယ့် သူ့ရဲ့လက်ရေး(ခြေရေး) စာလုံးလေးတွေဟာ ဝိုင်းစက်ညီညာလှပပြီး သပ်သပ်ရပ်ရပ် ရှိလှတာကို တွေ့ရတယ်။

သူအခုနေတဲ့ အိမ်က လှိုင်သာယာက သူ့အဒေါ်ရင်း အိမ်မှာဖြစ်တယ်။ အဲဒီအိမ်ကနေ အထက(၃)ကို စက်ဘီးနဲ့ ကျောင်းတက်တယ်။ ကျောင်းသွားကျောင်းပြန် အကြိုအပို့လုပ်ပေးရတယ်။ ကျောင်းခြံဝကနေ သူ့ဟာသူခြေထောက်တစ်ဖက် ထောက်ကြွထောက်ကြွနဲ့ စာသင်ခန်းအရောက် သွားတာပါပဲ။

မစုပုံချစ်ဟာ ဒသမတန်း(က)မှာ ပညာသင်ယူနေသူဖြစ်တယ်။ သူထိုင်ဖို့၊ သူစာရေးဖို့ ခုံတစ်လုံးတည်းနဲ့ လုံလောက်တယ်။ ခုံပေါ်ကိုလဲ သူ့ခြေထောက်သူအားကိုးပြီး ခုန်တက်တယ်။ လွယ်အိတ်ထဲက စာအုပ်၊ ဘောလ်ပင်၊ ပေတံ၊ ခဲဖျက်တို့ကို သူ့ဘာသာသူ ခြေထောက်နဲ့ပဲ ထုတ်ယူတယ်။ တံတောင်ဆစ်အထိသာရှိတဲ့ ဝဲဘက်လက်နဲ့ ဖေးမဆောင်ရွက်တာကို တွေ့ရတယ်။ စာရွက်လှန်တာ၊ မျဉ်းသားတာ၊ ပုံဆွဲတာ၊ စာရေးတာအားလုံးဟာ ခြေထောက်နဲ့ချည်းပါပဲ။ ဆရာက စာမေးရင်လဲမစုပုံချစ်ဟာ ပွင့်ပွင့်လင်းလင်း ရည်ရည်မွန်မွန် ဖြေဆိုနိုင်တယ်။ အတန်းထဲမှာ မစုပုံချစ်ဟာ အတော်ဆုံးဖြစ်နေတယ်။

မစုပုံချစ်ဟာ ဒသမတန်း(က)မှာတင်မဟုတ်ဘူး။ တစ်ကျောင်းလုံးမှာရှိတဲ့ ဒသမတန်း ကျောင်းသားအားလုံးထဲမှာလဲ အတော်ဆုံးဖြစ်တယ်။ အခန်းဆုံး စစ်ဆေးမှု (Chapter End Test) လေးကြိမ်မှာလဲ ပထမအဆင့်ရတယ်။ တက္ကသိုလ်ဝင်အကြိုစစ်ဆေးမှု (Pre-Test) နှစ်ကြိမ်မှာလဲ ပထမအဆင့် ရရှိကြောင်း သူ့ရဲ့အတန်းပိုင်ဆရာ ဦးသန်းဝင်း ပြောပြလို့ ဦးဦးသိရတယ်။ ဘယ်လောက်အံ့သြစရာကောင်းလဲ၊ အားကျစရာကောင်းလဲ သားတို့သမီးတို့။

သူနဲ့ပတ်သက်ပြီး သူ့ရဲ့ ဖွါ၊ လုံ့လ၊ ဝီရိယနဲ့ စာကြိုးစားပုံတွေ၊ စိတ်ဓာတ်ကြံ့ခိုင်ပြီး ဘဝကိုရင်ဆိုင်ကျော်လွှား အောင်မြင်ပုံတွေကို ကျောင်းအုပ်ဆရာမကြီးဒေါ်နော်သောဂေးကလဲ ကျောင်းစုဝေးပွဲမှာ တစ်ခါတစ်ရံ ထည့်သွင်း ပြောကြားလေ့ရှိတယ်။ ကိုယ်လက်အင်္ဂါပြည့်စုံတဲ့ သားတို့ သမီးတို့ အနေနဲ့ အတုယူစရာပါပဲ။

ဒါကြောင့် သူ့ရဲ့စာကြိုးစားပုံတွေနဲ့အတူ မသန်သော်လဲ စွမ်းနေတဲ့ မစုပုံချစ်ရဲ့အကြောင်းကို စဉ်းစားမိ၊ သတိပြုဆင်ခြင်မိမယ်ဆိုရင် ကိုယ်လက်အင်္ဂါပြည့်စုံတဲ့ သားတို့ သမီးတို့ စိတ်မပျက် အားမငယ်မိကြဖို့ လိုပါတယ်။

အခုဆိုရင် မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ တက္ကသိုလ်ဝင်စာစစ်ဌာန ၁၂၉၃ ခုမှာ ဖြေဆိုကြမယ့် ခြောက်သိန်းကျော်သော ကျောင်းသား ကျောင်းသူတွေ အားလုံး ရိုးရိုးသားသား နိုးနိုးကြားကြား ကြိုးကြိုးစားစားနဲ့ ဖြေဆိုကြစမ်းပါလို့ ဦးဦးပြောပါရစေ။ **ကိုယ်လက်အင်္ဂါ မပြည့်စုံလို့ စာကိုခြေထောက်နဲ့ ရေးဖြေရတဲ့ မစုပုံချစ်တောင် ဘဝကို အန်တုရင်ဆိုင်ပြီး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုဖို့ အဆင်သင့်ဖြစ်နေရင် သားတို့ သမီးတို့အနေနဲ့ ပိုလို့တောင် အားမာန်အပြည့်နဲ့ ကြိုးစားရမှာပေါ့။ ကြိုးစားသူအဖို့ အောင်မြင်မှုဟာ ရလဒ်ကောင်းတစ်ခုပဲ မဟုတ်လား။**

ကဲ-စာလဲ ရှည်သွားပြီ၊ မကြာခင် ကျင်းပမယ့် ၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကြီးကို သားတို့ သမီးတို့ စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာနဲ့ ဖြေဆိုနိုင်ကြပါစေလို့ ဦးဦး ဆုတောင်းလိုက်ပါတယ်။ ။

ဓနုဖြူမြို့နယ်တွင် ဂုန်လျှော်နှင့် ချည်ပေါင်လျှော်စိုက်ပျိုးရန် လျာထားဧက ပြည့်မီကျော်လွန်ရေး တာဝန်ပေး

ဓနုဖြူ မတ် ၆

ဓနုဖြူမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ၂၀၀၅-၂၀၀၆ခုနှစ် ဂုန်လျှော်နှင့် ချည်ပေါင်လျှော်စိုက်ပျိုးရန် ကျေးရွာ ၃၈အုပ်စုများမှ ဥက္ကဋ္ဌများအား လျာထားသတ်မှတ်ဧက ၃၅၀၀ ပြည့်မီကျော်လွန်အောင် စိုက်ပျိုးရေး တာဝန်ပေးအပ်ပွဲကို မတ် ၄ရက်က ဓနုဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်မောင်၊ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း ခရိုင်ဇုန်မန်နေဂျာ ဦးမျိုးဝင်း၊ မြို့နယ်ဥက္ကဋ္ဌဦးတင့်လွင်၊ ဓနုဖြူမြို့နယ် လျှော်ရွေး လျှော်ထုတ်စက်ရုံမှူး ဦးညွန့်လှိုင်၊ မြို့နယ် မန်နေဂျာ ဦးစောမန်ထော်နှင့် ဌာနဆိုင်ရာ တာဝန်ခံများနှင့် ရပ်ကွက်ကျေးရွာ အုပ်စုဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မအူပင်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်မောင်က အမှာစကားပြောကြားပြီး မအူပင်ခရိုင်ဇုန်မန်နေဂျာဦးမျိုးဝင်းက ယခုနှစ်စိုက်ပျိုးထွက်ရှိမည့် ဂုန်လျှော်နှင့် ချည်ပေါင်လျှော်များ အရည်အသွေး ကောင်းမွန်ရေးနှင့် သန့်ရှင်းသပ်ရပ်သော စက်မှုကုန်ကြမ်း ဝယ်ယူရရှိရန် မှာကြားသည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်က ကျေးရွာအုပ်စုဥက္ကဋ္ဌများအား တာဝန်ပေးအပ်လွှာများကို တစ်ဦးချင်းသို့ ပေးအပ်သည်။

(အပေါ်ပုံ) (၀၅)

ကျောက်တံခါးမြို့၌ ကျေးလက်အိမ်ရာတည်ဆောက်

ကျောက်တံခါး မတ် ၅

ကျောက်တံခါးမြို့ ရေရှန်ကျေးရွာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ကျေးလက်အိမ်ရာ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ဖေဖော်ဝါရီ၂၇ ရက်က အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်း ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ညောင်တုန်းမြို့ အထက (၁) အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ချီးမြှင့်ပွဲကို အထက (၁) လှိုင်ပညာခန်းမတွင် မတ် ၂ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းဌေးက ကျောင်းသား ကျောင်းသူများအား သင်ယူပြီးမြောက်ခြင်းလက်မှတ်များ ပေးအပ်စဉ်။ (၀၉၈)

လားရှိုးမြို့တွင်း လမ်းများ ကတ္တရာခင်း

လားရှိုး မတ် ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းများ ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ပါရမီ(၂)လမ်း အရှည်၁၅၆၇ပေ၊ အကျယ်၁၂ပေကို ကုန်ကျငွေကျပ်၄၀၇၆၂၀၀ဖြင့်လည်းကောင်း၊ သီရိမဟာ(၂)လမ်း အရှည်ပေ၈၉၀၊ အကျယ်၁၂ပေကို ကုန်ကျငွေကျပ် ၂၃၁၅၆၀၀ ဖြင့်လည်းကောင်း၊မြို့တွင်းလမ်းအရှည်၁၃၀၀ပေ၊ အကျယ်၁၂ပေကို စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေကျပ်၁၉၈၂၀၀၀၊ ပြည်သူများ ထည့်ဝင်ငွေကျပ်၁၆၅၀၀၀၀ဖြင့်လည်းကောင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ်တောင်အရှေ့ကျေးရွာအုပ်စု နောင်ထောဝ်ကျေးရွာတွင် မီးအိမ်ရှင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ၇ရက်က ကျင်းပရာ တောင်ကြီးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ဝင်း၊ ဆီဆိုင်မြို့နယ်ဥက္ကဋ္ဌ ဦးယဉ်ထွေးနှင့် နောင်ထောဝ် ဒေသခံ တိုင်းရင်းသား ဦးတိဆောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကျန်စစ်သား(စိုင်းခွန်စစ်)၊ ဘုရင့်နောင်(စိုင်းခွန်နောင်)အမြွှာညီနောင်

မွေးနေ့မင်္ဂလာဆုမွန်လွှာ

ချစ်တဲ့သားသား ကျန်စစ်သား၊ဘုရင့်နောင်(အမြွှာညီနောင်)အ-ထ-က (၁) ဒဂုံ၊ I°L°B°C ရန်ကုန်မြို့တို့၏ (၁၅)နှစ်မြောက် မွေးနေ့မင်္ဂလာ ရက်မြတ်မှသည် ဘဝသက်ဆုံးတိုင် မိသားစုနှင့် ချစ်ခင်စည်းလုံးခိုင်မြဲစွာ နေထိုင်သွားနိုင်ခြင်း၊ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာခြင်း၊ အသက်ရှည် ဂုဏ်သိက္ခာမြင့်မားခြင်း၊ ပြီးပြည့်စုံခြင်းတို့နှင့် ပြည့်စုံပြီး လိမ္မာယဉ်ကျေး ထူးချွန်ထက်မြက်တဲ့ သားကောင်းရတနာလေးများ ဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်-

ဖေဖေ - ဗိုလ်ကြီးထွန်းမင်း(ငြိမ်း)
မေမေ - နန်းဇေထွေဏ်း(မသူရ)၊မူဆယ်မြို့။
ညီလေး - အရိန္ဒမာ(စိုင်းခွန်ရိန်)
အ-လ-က(၁)ဒဂုံ၊ ILBC ရန်ကုန်မြို့။

တပ်မတော်နေ့အကြို

ကီမိုနိုဟောက်(စ်)

ကီမိုနိုမျိုးစုံ၊ လီနင်မျိုးစုံ၊ စိန်မိုက်ကယ်၊ ပွဲထိုင်ဇာ၊ တူညီဝတ်စုံများကို အထူးလျှော့ဈေးဖြင့် ရောင်းချပေးနေပါပြီ။

သကြန်တူညီဝတ်စုံများကို ရောင်းချပေးနေပါပြီ။

- **A22 (ကားရပ်ဝင်ပေါက်) ဒုတိယထပ်၊ ယုဇနပလာဇာ၊ ရန်ကုန်မြို့။**
- **စန္ဒာမြိုင်စင်တာ၊ လှည်းတန်းဈေးရှေ့၊ ကမာရွတ်။**
- **၅(ခ) ဗိုလ်ချုပ်လမ်း၊ တောင်ကြီး။**
- **၈၅(စီရုံ) မြေညီထပ်၊ ဈေးချို၊ မန္တလေး။**

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း

အရောင်းတင်ဒါ-၁/၂၀၀၄-၂၀၀၅

မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်းမှ ထုတ်လုပ်သော အောက်ပါဂုန်နီအိတ်များကို ချိပ်ပိတ် တင်ဒါစနစ်ဖြင့် ထုခွဲရောင်းချမည်ဖြစ်ပါသည်-

ရောင်းချမည့်ပစ္စည်း - ဂုန်နီအိတ်၊ တစ်တင်းခွဲအိတ် ၃၃" x ၂၃" အိတ်များ
ရောင်းချမည့်နေရာ - အုတ်ကျင်း ဂုန်နီစက်ရုံ/ မြောင်းမြဂုန်နီစက်ရုံ
တင်ဒါပိတ်ရက် - ၂၁-၃-၂၀၀၅ (တနင်္လာနေ့)
တင်ဒါပိတ်ချိန် - ၁၆:၃၀ နာရီ

အသေးစိတ်သိရှိလိုသည့် အချက်အလက်များကို ရန်ကုန်မြို့ သီရိမင်္ဂလာလမ်းသွယ် ကမ္ဘာအေးဘုရားလမ်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝင်းအတွင်း မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်းရုံးချုပ် (ဖြန့်ဖြူး/နိုင်ငံခြားတင်ပို့)ဌာနတွင် ရုံးချိန်အတွင်း စုံစမ်း၍ တင်ဒါပုံစံနှင့် စည်းကမ်းချက် တစ်စုံလျှင် ကျပ် ၅၀၀ ဖြင့် ၁၁-၃-၂၀၀၅ ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။

တင်ဒါထုခွဲရောင်းချရေးအဖွဲ့။

ပင်လုံရတနာပအိုဝ်းကျောင်း (၂)ဝိုင်း

ကျောင်းရေစက်ချတရားနာ ဖိတ်ကြားလွှာ

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြတ်လေးလမ်း၊ ပုလဲမြို့သစ်အတွင်းရှိ ပင်လုံရတနာပအိုဝ်းကျောင်းကြီး၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓအား အမှူးထား၍ မတည်အလှူရှင်များနှင့် အလှူရှင်အများတို့ စုပေါင်းဆောက်လုပ်လှူဒါန်းသည့် သုံးထပ်ကျောင်း၊ လမ်း၊ မုခ်ဦးနှင့် ကျောင်းဆောင်ငယ်အသီးသီးတို့၏ ရေစက်ချ အလှူတော်မင်္ဂလာအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ အလှူဒါယကာ၊ ဒါယိကာမအပေါင်းတို့သည် ဤကြော်ငြာကို ဖိတ်စာအဖြစ်သတ်မှတ်၍ ကြွရောက်ကြပါရန်။

ကျင်းပမည့်နေ့ - ၁၃၆၆ခုနှစ်၊ တပေါင်းလဆန်း ၁၀ရက် ၁၉-၃-၂၀၀၅ (စနေနေ့)
ကျင်းပမည့်နေရာ - မင်္ဂလာဒုံမြို့နယ်၊ မြတ်လေးလမ်း၊ ပုလဲမြို့သစ် ပင်လုံရတနာပအိုဝ်းကျောင်း
ရေစက်ချတရားနာချိန် - နံနက် ၉နာရီတိတိ
ကျွေးမွေးဧည့်ခံချိန် - နံနက် ၇နာရီမှ ၁၂နာရီအထိ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့် သက်မွေးပညာဦးစီးဌာန
အင်ဂျင်နီယာဘွဲ့ (Bachelor of Engineering)

ဘွဲ့နှင်းသဘင်ကြေညာချက်အား ပြင်ဆင်ခြင်း

၁။ (၁၈-၂-၂၀၀၅) နှင့် (၁၉-၂-၂၀၀၅)ရက် နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြပါရှိခဲ့သည့် ၂၀၀၄ခုနှစ် ဇန်နဝါရီလအတွင်း အစိုးရနည်းပညာကောလိပ်များတွင် ကျင်းပခဲ့သည့် အင်ဂျင်နီယာဘွဲ့ (Bachelor of Engineering) စာမေးပွဲအောင်မြင်သူများအတွက် ဘွဲ့နှင်းသဘင်ကြေညာချက်ကို အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်လိုက်ပါသည်။

၂။ ၂၀၀၄ခုနှစ် ဇန်နဝါရီလအတွင်း အစိုးရနည်းပညာကောလိပ်များမှ အင်ဂျင်နီယာဘွဲ့ (Bachelor of Engineering)စာမေးပွဲအောင်မြင်သူများအား (၃-၄-၂၀၀၅) တနင်္ဂနွေနေ့ နံနက် ၉:၀၀နာရီတွင် အင်ဂျင်နီယာဘွဲ့ (Bachelor of Engineering) အတွက် ဘွဲ့နှင်းသဘင် အခမ်းအနားကို သက်ဆိုင်ရာ အစိုးရနည်းပညာကောလိပ်များ(မုံရွာ၊ မန္တလေး၊ မိတ္ထီလာ၊ အေးသာယာ၊ ကျောက်ဆည်၊ ပြည်၊ တောင်ငူ၊ သန်လျင်၊ မှော်ဘီ၊ မော်လမြိုင်)တို့၌ ကျင်းပပါမည်။

၃။ ဘွဲ့နှင်းသဘင်အခမ်းအနားအတွက် အစမ်းလေ့ကျင့်ပွဲကို(၂-၄-၂၀၀၅) စနေနေ့ နံနက် ၉:၀၀နာရီတွင် သက်ဆိုင်ရာအစိုးရနည်းပညာကောလိပ်များ၌ ကျင်းပပါမည်။

၄။ ဘွဲ့တက်ရောက်ယူကြမည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတို့၌ မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို နှစ်သက်ရာ အပြည့်အစုံဝတ်ဆင်၍ တက်ရောက်နိုင်ပါသည်။

၅။ ဘွဲ့ဝတ်စုံများကို မိမိ၏နိုင်ငံသားစိစစ်ရေးကတ်ပြားယူဆောင်လာ၍ သက်ဆိုင်ရာအစိုးရနည်းပညာကောလိပ်များတွင် (၃၁-၃-၂၀၀၅)ရက်နေ့ နံနက်(၉:၀၀)နာရီမှ စတင်ပြီး ငှားရမ်းထုတ်ယူနိုင်သည်။

၆။ အသေးစိတ်သိလိုပါက စက်မှုနှင့်သက်မွေးပညာဦးစီးဌာန(ရုံးချုပ်) တယ်လီဖုန်းအမှတ် ၅၅၇၇၆၀၊ ၅၄၃၃၃၇နှင့် သက်ဆိုင်ရာအစိုးရနည်းပညာကောလိပ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ညွှန်ကြားရေးမှူးချုပ်
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

သတင်းကြေညာချက်

ရန်ကုန်မြို့၊ ၁၃၆၆ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ရက်
၂၀၀၅ခုနှစ် မတ်လ ၈ရက်

၁။ ၂၀၀၅ခုနှစ် မတ်လ ၃၀ရက်မှစ၍ (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မြန်မာ့ကျောက်မျက်ရတနာခန်းမတွင် ကျင်းပမည်ဖြစ်ပါသည်။ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားလုပ်ငန်းရှင်များနှင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာများ ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားများအား သတ်မှတ်ချက်များနှင့်အညီ ရတနာပြပွဲသို့ တက်ရောက်ဝယ်ယူခွင့်ပြုမည် ဖြစ်ပါသည်။

၂။ ၎င်းအပြင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာများ ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားလုပ်ငန်းရှင်များအား (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကာလအတွင်း ရတနာပြပွဲကျင်းပမည့် မြန်မာ့ကျောက်မျက်ရတနာခန်းမ မြေညီထပ်တွင် ကျောက်မျက်ရတနာများ ရောင်းချနိုင်ရန် အရောင်းကောင်တာများ စီစဉ်ပေးမည်ဖြစ်ပါသည်။

၃။ (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်လိုသူများနှင့် ကျောက်မျက်ရတနာများရောင်းချရန် အရောင်းကောင်တာများ ရယူလိုသူများသည် ၂၀၀၅ ခုနှစ် မတ်လ ၁၄ ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာခန်းမတွင် ဖွင့်လှစ်ထားရှိသည့် စီမံရေးရာ ဆပ်ကော်မတီရုံးအဖွဲ့နှင့် ကျောက်မျက်ရတနာဈေးကြီးကြပ်ရေးအဖွဲ့များနှင့် ဆက်သွယ်၍ ညှိနှိုင်းဆောင်ရွက်နိုင်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။

မန္တလေးကိုယ်ပွားသတင်းစာတိုက် နှစ်ပတ်လည်အခမ်းအနားကျင်းပ

မန္တလေး မတ် ၅

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက် (၄)နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနားကို မတ် ၂ရက် နံနက် ၆နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ် လမ်း ၂၀နှင့် ၂၁လမ်း၊ ၈၂လမ်းနှင့် ၈၃လမ်းကြားရှိ အဆိုပါသတင်းစာတိုက်ရှေ့ မျက်နှာစာ၌ကျင်းပရာ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ဝိဇယရာမရာကျော်ကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တဝိဇယအမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက် ချီးမြှင့်တော်မူကြသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ ဧည့်ပရိသတ်များက ရာကျော်ကျောင်း ဆရာတော် ဘဒ္ဒန္တဝိဇယထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ပွား သရဇ္ဈာယ်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် စာတည်းမှူးက ရာကျော်ကျောင်း ဆရာတော်အား လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဆရာတော် သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ **(ယာပုံ)**

(က-ပ)

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက် ကလေးမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်ပွဲကို မတ် ၂ရက်က ကျင်းပရာ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိသူများ ကြီးကြပ်၍ သတင်းစာတိုက် တာဝန်ခံ အရာရှိက ဦးစီးပြီး မီးဘေးကြိုတင်ကာကွယ်ရေး မီးငြှိမ်းသတ်နည်းကို လက်တွေ့သရုပ်ပြ လေ့ကျင့်ကြစဉ်။ (က-ပ)

e- Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ

၁၄-၃-၂၀၀၅ (တနင်္လာနေ့)

- ❑ Stylistics (3)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ/ဆရာမများ
- ❑ A Survey of Literary Theories (1)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ/ဆရာမများ

၁၅-၃-၂၀၀၅ (အင်္ဂါနေ့)

- ❑ A Survey of Literary Theories (2)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ/ဆရာမများ
- ❑ A Survey of Literary Theories (3)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ/ဆရာမများ

၁၆-၃-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

- ❑ Teaching Drama (1)+(2)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ/ဆရာမများ
- ❑ Teaching Drama (3)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ/ဆရာမများ

၁၇-၃-၂၀၀၅ (ကြာသပတေးနေ့)

- ❑ English Language Teaching Methodology (1)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ/ဆရာမများ
- ❑ English Language Teaching Methodology (2)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ/ဆရာမများ

၁၈-၃-၂၀၀၅ (သောကြာနေ့)

- ❑ English Language Teaching Methodology (3)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ/ဆရာမများ
- ❑ Psycholinguistics (1)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ/ဆရာမများ

နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ

၁၉-၃-၂၀၀၅ (စနေနေ့)

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

၂၀-၃-၂၀၀၅ (တနင်္ဂနွေနေ့)

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

နန်းယွန်းဒေသအပါအဝင် နိုင်ငံတော်တစ်ဝန်းလုံး ငြိမ်းချမ်းမှုခံစားနေကြရပြီ
နိုင်ငံတော်၏စေတနာနားလည်ပြီး ဒေသဖွံ့ဖြိုးရေးပူးပေါင်းကြိုးပမ်းဆောင်ရွက်

ရန်ကုန် မတ် ၁၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် မတ်၇ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မြန်မာ့လေကြောင်းခရီးဖြင့် ထွက်ခွာလာကြရာ နံနက် ၁၁နာရီ၃၅မိနစ်တွင် မန္တလေးမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေးလိုက်ပါ၍ ဆက်လက်ထွက်ခွာလာကြရာ ကချင်ပြည်နယ် မြစ်ကြီးနားလေဆိပ်သို့ မွန်းလွဲ ၁၂နာရီ ၅၅မိနစ်တွင် ရောက်ရှိကြသည်။ **စာမျက်နှာ ၉ ကော်လံ ၁** ●

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် စစ်ကိုင်းတိုင်း ခန္တီးခရိုင် နန်းယွန်းမြို့ ပြည်သူ့ဆေးရုံအား ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်မြင့်ဆွေ တောင်ကြီး–အင်းလေးမှ ပြန်လည်ရောက်ရှိလာသည့် စစ်သံမှူးများနှင့်ဇနီးများအား ကြိုဆိုနှုတ်ဆက်

ရန်ကုန် မတ် ၁၀

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ စစ်သံမှူးများနာယက လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ စစ်သံမှူး Col. Onechanh Phetsalat ခေါင်းဆောင်သော ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့်ဇနီးများ၊ မိသားစုများသည် တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေး အရာရှိချုပ် ဗိုလ်ချုပ်မြင့်ဆွေ၏ ဇနီး ဒေါ်ခင်သက်ဌေးနှင့် တပ်မတော် အရာရှိကြီးများ၏ဇနီးများ၊ တာဝန်ရှိသူများလိုက်ပါ၍ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ တောင်ကြီး၊ အင်းလေး၊ ပင်းတယနှင့် ကလောဒေသများသို့ သွားရောက်လေ့လာခဲ့ကြပြီး ယနေ့မွန်းလွဲပိုင်းတွင် တပ်မတော်အထူးလေယာဉ်များဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာကြရာ တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်မြင့်ဆွေနှင့် တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(ဝဲပုံ)** **(သတင်းစဉ်)**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အကြီးမားဆုံးရုပ်မြင်သံကြား

ဆမ်ဆောင်းကုမ္ပဏီက ထုတ်လုပ်ထားသော ကမ္ဘာ့အကြီးဆုံးရုပ်မြင်သံကြားစက်တစ်လုံးကို ပြသနေစဉ်။ **(အောက်ပုံ)**

အဆိုပါ ရုပ်မြင်သံကြားစက်ကို တောင်ကိုရီးယားနိုင်ငံ ဆမ်ဆောင်းအီလက်ထရွန်းနစ်ကုမ္ပဏီက ထုတ်လုပ်ထားခဲ့ခြင်းဖြစ်ပြီး ဖန်သားပြင် ၈၂လက်မရှိကာ အယ်စီဒီအမျိုးအစားဖြစ်သည်။ ယင်းရုပ်မြင်သံကြားသည် ယခုအချိန်အထိ ကမ္ဘာ့အကြီးမားဆုံးရုပ်မြင်သံကြားစက်ဖြစ်ကြောင်း သိရသည်။ **(အေအက်ဖ်ပီ)**



ဘီစီ ၂၂၀ခန့်က တံဆိပ်တုံး

ဝါရှင်တန်မြို့ အနုပညာပြခန်းတစ်ခု၌ ပြသထားသော ဘီစီ၂၂၀ခန့်က တံဆိပ်တုံးတစ်ခုကို တွေ့ရစဉ်။ **(အပေါ်ပုံ)**

အဆိုပါ တံဆိပ်တုံးသည် မျက်နှာပြင် ၁၈ခုပါရှိပြီး တရုတ်နိုင်ငံ ဟန်မင်းဆက်(၂၂၀–၂၀၆ဘီစီ)က အသုံးပြုခဲ့သည့် တံဆိပ်တုံးဖြစ်သည်။ ယင်းတံဆိပ်တုံးကို ရွှေ၊ငွေနှင့်ကြေးတို့ဖြင့် ရောစပ်ပြုလုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။ **(အေပီ)**

မြန်မာ့အလင်း ခေါင်းကြီး၊ ဆောင်းပါးအညွှန်း

■ နိုင်ငံတော်သည် ပြည်သူများလိုလားသည့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းရင်း နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြည်ပသွင်းကုန်၊ ပို့ကုန် လုပ်ငန်းများကို ဖန်တီးပေးခြင်း၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန် လမ်းဖွင့်ပေးခြင်းတို့ကြောင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ၏ အခန်းကဏ္ဍသည် ပိုမိုကျယ်ပြန့်ထွန်းကားလာသည်ကို တွေ့ရသည်။ ခေါင်းကြီး(စာ–၂)

■ နိုင်ငံတော်အစိုးရသည် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း ၁၇ဖွဲ့နှင့် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ခဲ့ပြီဖြစ်သည်။ ယင်းအဖွဲ့ ၁၇ဖွဲ့သည် တပ်မတော်နှင့်တစ်စိတ်တည်းတစ်ဝမ်းတည်း အမျိုးသားရေးကို ရှေ့တန်းတင် ဆောင်ရွက်နေပြီဖြစ်ရာ ပြည်ပရောက် ပြည်ပြေးတို့၏ ပုဆိုးခြုံထဲက လက်သီးပြ၊ လက်သီးပုန်းထိုးနေသည်များကို ဂရုစိုက်စရာမလိုချေ။ ဒေါက်တာနိုး၏ဆောင်းပါး(စာ–၁၀)